www.burmeseclassic.com

BURMESE CLASSIC

# မိုးဓါရိုင်

## မြို့ကလေးမှာကျွန်တော်စောင့်နေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

# မိုးဓဂ်ဝိုင်

## မြို့ကလေးမှာ ကျွန်တော် စောင့်နေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

## မြို့ကလေးမှာ ကျွန်တော် စောင့်နေပါတယ်


### ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးနိုင်နိုင်အောင် (၀၀၃၂၄)
(ရတနာဝင်းပုံနှိပ်တိုက်)
အမှတ် (၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းပလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

မျက်နှာဖုံးဒီဇိုင်း - ရဲလေး

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ ဇန်နဝါရီလ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃

မိုးစက်ဝိုင်
မြို့ကလေးမှာ ကျွန်တော် စောင့်နေပါတယ်/မိုးစက်ဝိုင်။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၅ ။
၁၃၆ - စ ၊ ၁၃ × ၂၀ စင်တီ။
(၁) မြို့ကလေးမှာ ကျွန်တော် စောင့်နေပါတယ်


www.burmeseclassic.com

www.burmeseclassic.com

အစ

www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးချမ်းသာကြွယ်ဝသူများသာ တက်ရောက်ကုသနိုင်သည့် ပုဂ္ဂလိကဆေးရုံကြီးအတွင်းမှာ ဖြစ်သည်။

သေမင်းနှင့်ရင်ဆိုင်ကာ အံတုနေရပြီဖြစ်သော်လည်း သူဌေးဦးကျော်သာတစ်ယောက် စိတ်ကို အစွမ်းကုန် အားတင်းထားသေးသည်။

သူသေလွန်သွားခဲ့လျှင် ကျန်ခဲ့မည်က သူပိုင်ကုမ္ပဏီ၊ စီးပွားဥစ္စာများနှင့် အိမ်ထောင်ကိုယ်စီကျနေပြီဖြစ်သော သားတစ်ယောက်၊ သမီးတစ်ယောက်။

ထို့အပြင် လက်ရှိ ဦးကျော်သာနှင့်အတူနေသည့် မြေးမလေး မှုံပို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုဒါ၏မိဘနှစ်ပါးစလုံး ဆုံးပါးသွားပြီဖြစ်သဖြင့် ဦးကျော်သာက သူနှင့်အတူနေစေခဲ့ခြင်း ဖြစ်သည်။

ခုတော့ သူလည်း လူ့ဘဝကို စွန့်ခွာရတော့မည်။

မျက်စိသူငယ်၊ နားသူငယ်နှင့် ကျန်ခဲ့ရမည့် မြေမလေး မုဒါကို သူ စိတ်မချချေ။

တကယ်ဆိုလျှင် မုဒါကလည်း ငယ်တော့သည်မဟုတ်ပါ။ လာမည့် နှစ်လလောက်ဆိုလျှင် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ပြီ။

သို့သော်လည်း ...

ဦးကျော်သာက လက်ရှိ သက်ရှိထင်ရှားရှိနေသည့် သားနှင့်သမီးတို့ ၏စိတ်ဓာတ်တွေကို သိသဖြင့် မုဒါကို စိတ်မချခြင်း ဖြစ်သည်။

ထို့ကြောင့် ...

သူ၏ရှေ့နေနှင့် တိုင်ပင်ပြီး လုပ်စရာရှိတာတွေကိုတော့ လုပ်ထားပြီ။

ခုလည်း မြေမလေး မုဒါအပါအဝင် သားဖြစ်သူနှင့် သမီးတို့ကို ခေါ်ကာ မှာစရာရှိတာတွေကို မှာနေ၏။

"ငါ့ဆန္ဒကတော့ ငါမရှိတော့တဲ့အချိန်မှာ မင်းတို့မောင်နှမနှစ်ယောက်လည်း သင့်သင့်မြတ်မြတ်နေစေချင်တယ်"

ပြောရင်း စကားကိုဖြတ်ကာ မုဒါကို ကြည့်လိုက်ပြီးမှ -

"ပြီးတော့ မရှိတော့တဲ့ မင်းတို့အစ်ကိုကြီးရဲ့သမီးလေး၊ မင်းတို့ရဲ့ တူမလေး မုဒါကိုလည်း စောင့်ရှောက်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး၏စကားကို သားဖြစ်သူ ဦးသိုက်စိုးက ခေါင်းညိတ်ပြလိုက်သည်။

တကယ်တမ်း သူ့စိတ်ထဲတွင် သိချင်နေသည်က အဖေသည် အမွေတွေကို ဘယ်လိုခွဲပေးခဲ့လဲဆိုသည့်ကိစ္စ။

သို့သော်လည်း ...

သူသိချင်နေသည့်အဖြေကို ညီမဖြစ်သူ ဒေါ်သူဇာက မေးပေးလိုက်ပါသည်။

"စိတ်ချပါ ဖေဖေ ... မုဒါလေးက သမီးရဲ့တူမပဲလေ၊ သူ့အဖေ ဘယ်လောက်ဆိုးခဲ့ဆိုးခဲ့ တူမကိုတော့ အသိအမှတ်ပြုရမှာပေါ့၊ ဒါနဲ့ တစ်ခုလောက်တော့ မေးပါရစေ ဖေဖေ၊ ဖေဖေရဲ့ကုမ္ပဏီနဲ့ ကျွန်တို့ပိုင်ဆိုင်မှုတွေကို ဖေဖေ ဘယ်လိုများ စီစဉ်ချင်လည်းမသိဘူး"

ဦးကျော်သာက အားယူကာ ခေါင်းညိတ်လိုက်သည်။

"အင်း ... ဖေဖေ အားလုံးစီစဉ်ထားပါပြီ သမီးရယ်၊ ဖေဖေ မရှိတော့တဲ့အခါ ရှေ့နေဦးထွန်းနောင်က ဖေဖေ မှာထားခဲ့တာကို လုပ်ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

စကားအဆုံးမှာ မုဒါက ဒေါ်သူဇာကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"အန်တီသူဇာ ... ဘိုးဘိုး ခုလိုဖြစ်နေတဲ့အချိန်မှာ ဒီလိုမေးခွန်းတွေ လာမေးတာတော့ မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာက မုဒါကို ခပ်တင်းတင်းပြန်ကြည့်လိုက်ရင်း ...

"ညည်း နားမလည်ဘဲ ဝင်မပြောနဲ့ မုဒါ ... ဒီကိစ္စမျိုးဆိုတာက ခုရှုပ်မှ နောင်ရှင်းဟဲ့"

မုဒါ ပြန်ပြောရန် ဟန်ပြင်လိုက်သော်လည်း ဦးကျော်သာက လက်ကာပြကာ ...

"တော်ကြပါတော့ကွယ် ... စကားတွေလည်း မများကြပါနဲ့၊ ငါ အေးအေးဆေးဆေးပဲ နေပါရစေ"

ထိုစကားကြောင့် အားလုံးပဲ အလိုက်သိစွာ ထရပ်လိုက်ကြသည်။

မုဒါက ...

"ဘိုးဘိုးတစ်ယောက်တည်း ဘယ်ဖြစ်မှာလဲ၊ သမီး နေခဲ့မယ်လေ"

ဦးကျော်သာက ခေါင်းခပ်ဖြည်းဖြည်းခါကာ ...

"ရပါတယ် သမီးလေးရယ် ... ဘိုးဘိုး နေမကောင်းစဖြစ်ကတည်းက ဒီက သမီးလေးပဲ ပြုစုခဲ့တာပဲလေ၊ ဘိုးဘိုးအတွက် လုံလောက်နေပါပြီ၊ ခုတော့ ဘိုးဘိုး တစ်ယောက်တည်းနေချင်လို့ပါ"

ထိုသို့ပြောသည်ကိုပင် မုဒါက စိတ်မချဟန်ဖြင့် ...

"အဲဒါဆိုလည်း သမီး အပြင်က စောင့်နေမယ်နော်၊ ဘိုးဘိုး လိုအပ်တာရှိရင် လုပ်ပေးလို့ရအောင်လေ"

ထိုနောက်မှာတော့ ... မုဒါလည်း အပြင်သို့ ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စိတ်မချစွာပြောခဲ့သော်လည်း အဘိုးဖြစ်သူ ဦးကျော်သာ တစ်ယောက် သူ့မကို နောက်ဘယ်တော့မှ စကားပြောနိုင်တော့မည် မဟုတ် ဆိုတာ ထိုအချိန်က မှဒါ မထင်ထားမိခဲ့ပါချေ။

ထိုသို့ဖြင့် . . . ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

လက်ပူတိုက်ပြင်ထားပုံရတဲ့ ဆိုင်ကယ်စက်သံကြီးကြောင့် ခြံဝင်းထဲ မောင်းဝင်လာသူဟာ ဖော်ဦးမှန်း လှည့်မကြည့်ဘဲ သိလိုက်တယ်။

ထွေထွေထူးထူး လှည့်ပြီး နှုတ်ဆက်နေစရာလည်း မလိုတာမို့ အားလုံးကိုပဲ ကိုယ်သန့်ရှင်းရေး ဆက်လုပ်နေလိုက်တယ်။

ဖော်ဦးက ဆိုင်ကယ်ကိုရပ်ပြီး စက်မသတ်သေးဘဲ တဖျင်းဖျင်း သီဟာပုတ်လိုက်ပြီးမှ ...

"မင်းကြည့်ရတာလည်း ပင်ပန်းလိုက်တာ ဝေမိုးရာ၊ တစ်ရက်တစ် ချက် အဲဒီရထားလုံးကို 'သ' ရတာနဲ့ မြင်းကို ကျွေးမွေးစောင့်ရှောက်ရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းမို့လို့ ဒီအလုပ်ကို လုပ်နေနိုင်သေးတယ်၊ ငါ့လို သက်သောင့်သက်သာ ဆိုင်ကယ်ကယ်ရီဆွဲပါဆိုလည်း မဟုတ်ဘူး''

သူ့စကားဆုံးတော့မှ ကျွန်တော် လှည့်ပြီး ပြောလိုက်တယ်။

''ဟေ့ကောင် ... ဆိုင်ကယ်ကယ်ရီဆွဲတယ်ဆိုတာက လွယ်တယ်ကွ၊ ဆိုင်ကယ်ပေါ်တက်ခွပြီး လမ်းဆုံလမ်းခွမှာ လက်ညှိုးလေးထောင်ပြ တတ်ရင် ရပြီ၊ ပြီးတော့ ... အဲဒီအလုပ်က အသက်အန္တရာယ်နဲ့လည်း နီးသေးတယ်၊ ငါ့လို ရထားလုံးမောင်းဖို့ဆိုတာကတော့ တော်ရုံစကေးနဲ့ မရဘူးကွ''

ဇော်ဦးက ချက်ချင်းပဲ ပက်ခနဲ ပြန်ပြောလာတယ်။

''အောင်မာ ... မင်း ရထားလုံးကကော ဘာများထူးခြားနေလို့လဲ''

''ထူးတာပေါ့ကွ၊ ရထားလုံးဆိုတာက ငါတို့ ပြင်ဦးလွင်ရဲ့ပုံရိပ်ပဲလေ၊ ပြီးတော့ ဒီရထားလုံးက ငါ့အဖေ အမွေပေးခဲ့တာကွ၊ အဲဒါကြောင့် ဂုဏ်ယူစွာနဲ့ ဆွဲနေတာ''

''အေးပေါ့ကွာ ... မင်းလို ဘွဲ့ရပညာတတ်တစ်ယောက်က ရထားလုံးဆွဲစားနေတယ်ဆိုတော့ တော်ရုံစကေးနဲ့ မရမှန်း သိပါပြီ''

ဒါ ရွဲ့ပြောတာပဲ။

ကျွန်တော် ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်။

''ဒီမှာ ဇော်ဦး ... ဘွဲ့ရပညာတတ်ဆိုတာက နာမည်ပဲရှိတာလေကွာ၊ ငါတို့သင်ခဲ့ရတဲ့ ပညာရေးစနစ်ကြောင့် ကမ္ဘာမှာ လူရာဝင်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒါတွေ ပြောပြလည်း မင်းသိမှာ မဟုတ်ပါဘူး''

''အဲဒီလည်း ပြောမနေနဲ့တော့ကွာ။ ဒါပေမဲ့ . . . ငါပြောချင်တာက မင်းမောင်းနေတဲ့ ရထားလုံးဆိုတာမျိုးက ငါတို့ပြင်ဦးလွင်မှာတောင် သိပ်မရှိတော့ဘူးကွ၊ ဆိုင်ကယ်ကယ်ရီတွေကလည်း တဖြည်းဖြည်း များလာတော့ မင်းလည်း သိပ်အလုပ်ဖြစ်တော့တာမဟုတ်ဘူး၊ အဲဒါကြောင့် မင်းကို အလုပ်ပြောင်းလုပ်ဖို့ ပြောတာပါ''

ကျွန်တော် ခပ်ဖြည်းဖြည်းပဲ ခေါင်းခါလိုက်မိတယ်။

''တော်ပါပြီကွာ . . . ငါ့လို တစ်ကိုယ်ရည်တစ်ကာယသမားအတွက် သိပ်ပူစရာမရှိပါဘူး၊ ငါ့ဟာငါ ရထားလုံးဆွဲစားတာက ငြိမ်းချမ်းပါတယ်''

ကျွန်တော်တို့နှစ်ယောက် အချေအတင်စကားပြောနေကြတဲ့အချိန်မှာပဲ ခြံဝင်းထဲကို ကလေးလေးယောက် ပြေးဝင်လာကြတယ်။

ရပ်ကွက်ထဲက ကောင်လေးတွေပါ။

ကျွန်တော့်ဖောက်သည်တွေဆိုရင်လည်း မမှားဘူး။ သူတို့ထဲမှ အသားမည်းမည်း ဆံပင်ကောက်ကောက်နဲ့ ကော်စတာဆိုတဲ့ ကောင်လေးက စပြောတယ်။

''ဦးဝေမိုး . . . သားတို့ ရထားလုံးစီးချင်လို့ဗျ''

ကျွန်တော်က သူတို့အုပ်စုကို ပြန်ကြည့်လိုက်တယ်။ ကော်စတာကို နောက်နားက ညောင်ကြီးဆိုတဲ့ ကောင်လေးက ထပ်ပြောလိုက်တယ်။

''ကော်စတာရာ . . . ဦးဝေမိုး အား,မအား အရင်မေးဦးလေ၊ မင်းက စီးချင်တယ်ပဲ စွတ်ပြောနေတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အဲဒီကော်စတာဆိုတဲ့ကောင်က ဘာကောင်မှန်းကို မသိဘူး။ အလိုက်ကန်းဆိုးမသိတဲ့နေရာဆို ရှေ့ဆုံးက"

ဝိုင်းပြောနေကြတော့ ကော်စတာလည်း တင်းသွားပုံရတယ်။

"ဟော့ကောင် သေက် ... မင်းကလည်း သံယောင်လိုက်မနေနဲ့၊ ခုနကတော့ ရထားလုံးစီးချင်တယ်ဆို၊ ငါ့ကို ဆရာတင်ပါတယ် ... ပြော ပေးပါဆိုလို့လည်း ပြောပေးရသေးတယ်"

သူတို့စကားဆုံးတော့ ကျွန်တော်လည်း လက်ကာ ပြလိုက်ပြီး ...

"ကဲ ... တော်ကြပါတော့ကွာ၊ မင်းတို့စီးချင်ရင် စီးလို့ရပါတယ်၊ ဒါနဲ့ ဒီနေ့ မင်းတို့ ကျောင်းမတက်ရဘူးလား"

"ဟာ ... ဒီနေ့ စနေနေ့လေဗျာ၊ ဦးဝေမိုးကလဲ"

"ဩော် ... အေး ... အေး ... စနေဆို ပိတ်တာပေါ့၊ ကျူရှင် ကော မရှိဘူးလားကွ"

"ကျူရှင်က ညနေမှ တက်ရမှာဗျ"

ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်ပြီလေ ... အဲလိုဆိုလည်း ခဏနေရင် သွားကြတာပေါ့"

သူတို့တစ်အုပ်စုလုံး ဟေးခနဲ ဝမ်းသာအားရ အော်လိုက်ကြတယ်။ ကျွန်တော်နဲ့ကလေးတွေကိုကြည့်ပြီး ဖော်ဦးက ...

"ဟုတ်တော့ ဟုတ်နေတာပဲဟော့ ... မင်းတော့ စောစောစီးစီး ဈေးဦးပေါက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်ပြုံးပြုံးပဲ ...

"ဩော် ဇော်ဦးရယ် ... ငါ့အနေနဲ့ သူတို့ကို ကုန်းပိုးပြီး ခေါ်ရတာမှ မဟုတ်ဘဲကွာ၊ ခုလို ပေးစီးလိုက်တော့ သူတို့လည်း ပျော်ရတယ်၊ ငါလည်း စိတ်ချမ်းသာတယ်လေ၊ မင်းလို ဆိုင်ကယ်နဲ့ဆိုရင် ခုလိုတောင် လုပ်ပေးလို့ ရသွားမလား"

ကျွန်တော့်စကားဆုံးဆုံးချင်းမှာပဲ ကော်စတာက ဇော်ဦးကို ပေ စောင်းစောင်းလေး ကြည့်လိုက်ပြီး ...

"သူ့မှာ ရထားလုံးရှိရင်တောင် ဦးဇော်ဦးပုံစံက သားတို့ကို ပေးစီးမှာ မဟုတ်ဘူးဗျ"

"အောင်မာ ... ဘာဖြစ်လို့လဲ"

"စိတ်ကောင်းရှိပုံမရလို့"

"ဟာ"

ဇော်ဦးမျက်နှာကြီး မဲ့ပုပ်သွားတာကိုကြည့်ပြီး ကျွန်တော် တဟား ဟား အော်ရယ်လိုက်မိတယ်။

ဇော်ဦးလည်း ကျွန်တော်နဲ့ဆက်နေရင် ဟိုကောင်တွေဆီမှာ လှော်ခံရမှာစိုးလို့လား မသိဘူး။

သူ့ဆိုင်ကယ်ကို ဆက်နှိုးလိုက်ပြီး ...

"သွားတော့မယ်ကွာ ... ကြာကြာဆက်နေရင် မင်းကောင်တွေက အသွယ်မှာမဟုတ်ဘူး။ ခုတောင် ဒဲ့ရွှေနေတာ"

ပြောရင်း ဆိုင်ကယ်မောင်းထွက်သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ကျွန်တော်လည်း ဒူးမနာသားလေးတွေကိုကြည့်ပြီး ပြောလိုက်ပါတယ်။

"ကဲ ... ဆရာလေးတွေ ခဏစောင့်။ ငါ မြင်းသွားယူလိုက်ဦးမယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မနက်ပိုင်းကော်စတာတို့အုပ်စုကို ရပ်ကွက်တစ်ပတ် လိုက်မောင်း ပြီးမှ ကျွန်တော်လည်း နီးစပ်ရာ လက်ဖက်ရည်ဆိုင်မှာ မနက်စာ ဝင်စား ဖြစ်တယ်။

ကျွန်တော့်အတွက် နေ့လယ်စာနဲ့ညစာဆိုတာကလည်း ကြုံသလို စားဖြစ်တာပါပဲ။ တစ်တစ်ခါဆို တစ်နပ်တည်း ပေါင်းစားဖြစ်တယ်။

မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးကွယ်လွန်ပြီးကတည်း ကပဲ အစားအသောက်ကိစ္စကို ကြုံသလိုဖြေရှင်းလာခဲ့တယ်။

ကံကောင်းတာတစ်ခုက ကျွန်တော့်မှာ မိဘတွေ အမွေခံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တဲ့ ကိုယ်ပိုင်ခြံနဲ့အိမ်လေးတစ်လုံး ရှိတယ်။

ပြီးတော့ ခုမောင်းဖြစ်နေတဲ့ ရထားလုံးလေး ရှိတယ်။

အို ... ကျွန်တော့်အတွက် ပြင်ဦးလွင်ဆိုတဲ့ မြို့တော်လေး ရှိသေးတယ်လေ။

ဘာပူစရာများ ရှိဦးမှာလဲ။

ဇော်ဦးလို ခင်မင်တဲ့ မိတ်ဆွေ၊ သူငယ်ချင်းတချို့ကတော့ ကျွန်တော့်ကို ကြုံတိုင်း စသလို နောက်သလို ပြောကြပါတယ်။

"ဝေမိုးရာ ... မင်းမှာ အလုပ်လည်း ရှိတယ်၊ ဝင်ငွေလည်း ရှိတယ်၊ နေစရာကိုယ်ပိုင်အိမ်လေးလည်း ရှိတယ်၊ အိမ်မှာဆိုလည်း ချက်ပြုတ်စားသောက်ဖို့ အိုးခွက်ပန်းကန်တွေ ရှိတယ်၊ ဒါနဲ့များ ဖြစ်သလို စားသောက်နေရတယ်လို့"

"အေးကွာ ... ငါလည်း အိမ်ဖော်မရှာချင်တာနဲ့ ဒီလိုပဲ ဖြစ်သလို စားသောက်နေလိုက်တာ"

"ဟေ့ကောင် ... မင်းကို အိမ်ဖော်ရှာခိုင်းနေတာမဟုတ်ဘူး။ မိန်းမယူသင့်နေပြီလို့ ပြောတာ"

အဲဒီလိုပြောလာတိုင်း ကျွန်တော် ရယ်ကျဲကျဲပဲ လုပ်နေလိုက်တယ်။

ဟုတ်တယ်လေ။

မိန်းမယူတာများ လွယ်တာမှတ်လို့။

ပြီးတော့ ကျွန်တော်က ကိုယ်ချစ်တဲ့မိန်းကလေးကိုပဲ လက်ထပ်ချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ကျွန်တော် မြတ်မြတ်နိုးနိုးချစ်ရမယ့် မိန်းကလေး ခုထိ မတွေ့သေးတာပဲ။ ရှိတော့ ရှိမယ်။ ကျွန်တော် ရှာမတွေ့သေးတာလည်း ဖြစ်နိုင်တယ်။

သူ့မျက်နှာ၊ သူ့ပုံစံလေးက ဘယ်လိုနေမှာလဲ။

ကျွန်တော် မသိဘူး။

ခုထိတော့ ကျွန်တော့်ရဲ့ရင်ဘတ်ထဲမှာတစ်နေရာစာ လွတ်နေဆဲပါ။ ကျွန်တော့်နံရိုးတစ်ချောင်း ပျောက်ဆုံးနေဆဲပါ။

တစ်ခါတစ်ခါ အဲဒီလို အချစ်အကြောင်းတွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် ရှက်အမ်းပြီး ပြုံးမိတယ်။

ကျွန်တော်ချစ်တဲ့သူနဲ့ ကျွန်တော့်ကိုချစ်တဲ့ သူ ထိပ်တိုက်မတွေ့သေးတာပဲ ဖြစ်မှာပေါ့ဆိုပြီး ဖြေသိမ့်နေရုံပါပဲ။

တွေးရင်းနဲ့ အတွေးစဟာ လွန်သွားပြန်ပြီ။

စားလက်စကို လက်စသတ်ပြီး လက်ဖက်ရည်ဆိုင်ထဲက ထွက်လာခဲ့တယ်။

ရထားလုံးပေါ်တက်ပြီး ပြန်မောင်းထွက်လိုက်ချိန်မှာတော့ ကျွန်တော့်ရဲ့တစ်နေ့တာအလုပ် စတင်ပါပြီ။

လက်ဖက်ရည်ဆိုင်ကနေ ပြန်ထွက်လာပြီး သိပ်မကြာဘူး။

ခရီးသည်တစ်ယောက်ရတာနဲ့ လိုက်ပို့ဖြစ်တယ်။

ဈေးဦးတော့ပေါက်ပြီ။ ခရီးသည်ကို ပို့ပြီးတော့ မြို့ထဲဘက် ပြန်မောင်းဝင်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းသွယ်လေးတစ်ခုထဲကနေ မောင်းဝင်လာခဲ့ရင်း ရှေ့ဆီကို ဘာရယ်မဟုတ် လှမ်းမျှော်ကြည့်ဖြစ်တယ်။

အဲဒီအချိန်မှာပဲ မထင်မှတ်ထားတဲ့ မြင်ကွင်းတစ်ခုကို အလန့်တကြား မြင်တွေ့လိုက်ရရဲ့။

ကျွန်တော်မောင်းလာတဲ့ ရထားလုံးရဲ့ရှေ့ ဓာတ်တိုင်နှစ်တိုင်စာလောက် အကွာမှာရှိတဲ့ လမ်းချိုးလေးကနေ ကျောပိုးအိတ်လွယ်ထားတဲ့ ကောင်မလေးတစ်ယောက် ပြေးထွက်လာတာပါ။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ဆိုင်ကယ်တစ်စီးကလည်း အရှိန်ပြင်းပြင်း မောင်းလာရင်း ကောင်မလေး ပြေးထွက်လာတဲ့ လမ်းသွယ်လေးထဲ ဆတ်ခနဲ ချိုးဝင်လိုက်တယ်။

"ဟာ"

ကျွန်တော် ဆုတောင်းမပြည့်လိုက်ဘူး။

မတိုက်မိပါစေနဲ့လို့ ဆုတောင်းလိုက်ပေမယ့် ကောင်မလေးဟာ ဆိုင်ကယ်နဲ့ ပွတ်တိုက်မိပြီး လမ်းဘေးကို ပစ်လဲကျသွားတယ်။

ဆိုင်ကယ်သမားကတော့ ကမန်းကတန်း ထိန်းလိုက်လို့လား မသိဘူး ... မမှောက်ဘဲ ထိုးရပ်သွားတယ်။

ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားတဲ့ ဆိုင်ကယ်မောင်းသူဟာ ကောင်မလေးကို ဆင်းကြည့်မှာပဲလို့ တွေးလိုက်ပေမယ့် ကျွန်တော် တွေး သလို ဖြစ်မလာခဲ့ဘူး။

ဆိုင်ကယ်သမားဟာ လမ်းဘေးမှာ လဲကျနေတဲ့ ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်ပြီး ဝူးခနဲ ပြန်မောင်းထွက်သွားလေရဲ့။

"ဟာ ... လူမဆန်တဲ့ကောင်ပဲ"

ရွှေတိုက်ရင်းနဲ့ ကျွန်တော် ရထားလုံးပေါ်ကနေ ခုန်ဆင်းမိလျက်သား ဖြစ်သွားတယ်။

"ဟေ့ကောင် ... လူယုတ်မာ မပြေးနဲ့ကွ"

ကျွန်တော် လှမ်းအော်ပြီး ပြေးလိုက်သွားပေမယ့် ဆိုင်ကယ်သမား ကို မမီလိုက်ပါဘူး။

အဲဒီနေရာရောက်ရောက်ချင်းပဲ လမ်းဘေးမှာ လဲကျနေတဲ့ ကောင်မ လေးကို ပြေးပွေ့လိုက်မိတယ်။

"ဟာ ... သွေးတွေနဲ့ပါလား"

ဟုတ်ပါတယ်။

ဆိုင်ကယ်နဲ့က ပွတ်တိုက်မိရုံကြောင့် ဒဏ်ရာမရလိုက်ပေမယ့် လမ်းဘေးလွင့်ထွက်ပြီးအကျမှာတော့ လမ်းဘေးက ကျောက်တုံးနဲ့ ကောင်မ လေးခေါင်း မိတ်ဆက်သွားပုံရတယ်။

ခေါင်းထိသွားတဲ့ ဒဏ်ရာကြောင့် သွေးထွက်နေပြီး ကောင်မလေး လည်း သတိမေ့နေပါတယ်။

လူမဆန်တဲ့ ဆိုင်ကယ်သမား မောင်းပြေးသွားပေမယ့် လူသားစိတ် ရှိတဲ့ လူတွေကတော့ အကူအညီပေးဖို့ ကျွန်တော်တို့ အနားကို ဝိုင်းအုံ ရောက်ရှိလို့လာပါပြီ။

ကျွန်တော်က မော့ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ်ဝင်တိုက်သွားတာဗျ။ နီးစပ်ရာ ဆေးခန်းတစ်ခုခု ပို့မှ ဖြစ်မယ်၊ ကူညီကြပါဦးဗျာ၊ လိုက်ပို့ဖို့က ကျွန်တော့်မှာ ရထားလုံး ပါလာပါတယ်"

ခပ်မြန်မြန်ပြောရင်း အကူအညီတောင်းလိုက်တယ်။

အဲဒီအချိန်မှာပဲ လူအုပ်ကြားထဲက ထောင်ထောင်မောင်းမောင်း အမျိုးသမီးကြီးတစ်ယောက် တိုးထွက်လာပြီး ...

"အစ်မကူမယ် မောင်လေး၊ ရထားလုံးကို ဒီနားထိ မောင်းလာခဲ့ပါလား"

ပြောရင်းနဲ့ ကျွန်တော့်လက်ထဲက ကောင်မလေးကိုဆွဲယူပြီး ပွေ့ထားလိုက်လို့ ကျွန်တော်လည်း ရထားလုံးဆီ ထွက်လာခဲ့လိုက်တယ်။

လူသားတစ်ယောက်အနေနဲ့ လူသားဆန်ဖို့ဆိုတာ ကျွန်တော် ဘယ်တုန်းကမှ ဝန်မလေးခဲ့တာ အမှန်ပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ကောင်မလေးကို နိုးစပ်ရာဆေးခန်းလိုက်ပို့၊ သူ သတိပြန်ရလာတဲ့အခါ သူနဲ့ သက်ဆိုင်သူတွေဆီ အကြောင်းကြားပေးလိုက်ရင် ပြီးပြီလို့ ကျွန်တော် တွေးထားခဲ့တယ်။

ဒါပေမဲ့ တွေးထားသလို ဖြစ်မလာခဲ့ဘူး။ အဲဒါကိုက လောကကြီးရဲ့အစီအရင်တစ်ခုလိုပဲ။

ဖြစ်ပုံက ဒီလို။

ဆေးခန်းကိုရောက်တော့ ဆရာဝန်က သတိမေ့နေတဲ့ ကောင်မလေးခေါင်းက ဒဏ်ရာကို ဆေးထည့်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချုပ်တော့ မချုပ်လိုက်ရဘူး။ နေပြင်းလို့ သွေးထွက်များတယ် ပြောတာပဲ။

ဆရာဝန်က ကျွန်တော့်ကို ကောင်မလေးနဲ့ ပတ်သက်သူလို့ ထင်သွားလားမသိဘူး။

"မင်းကောင်မလေးရဲ့ဒဏ်ရာက ဆိုင်ကယ်နဲ့တိုက်မိလို့ ဖြစ်တာတော့ မဟုတ်ဘူး၊ လန့်ပြီး လဲကျသွားတဲ့အချိန်မှာ ခေါင်းနဲ့ကျောက်ခဲသွားထိတာ ဖြစ်နိုင်တယ်၊ ခဏနေရင်တော့ သူ သတိရလာပါလိမ့်မယ်"

ကျွန်တော်က . . .

"ဟုတ်ကဲ့ပါ ဒေါက်တာ . . . သူက ကျွန်တော့်ကောင်မလေး"

ကျွန်တော့်စကားဟာ လိုရင်းမရောက်လိုက်ဘူး။ ဆရာဝန်က ဖြတ်ပြောတယ်။

"အေးကွာ . . . ညီလေးကိုတော့ ပြောထားရဦးမယ်၊ ခုလောလောဆယ် ခေါင်းက ဒဏ်ရာက မပြောပလောက်ပေမယ့် ကိုယ် စမ်းသပ်ကြည့်ရသလောက်ဆိုရင် သူ့မှာ နှလုံးရောဂါအစပျိုးနေပြီ၊ အဲဒါလေးတော့ ဂရုစိုက်ကွာ၊ သူ့အနေနဲ့ အရမ်းဝမ်းသာတာမျိုး၊ အရမ်းဝမ်းနည်းရတာမျိုး အဖြစ်မခံနဲ့ကွ"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဒေါက်တာ"

အဲဒီအချိန်မှာပဲ ကောင်မလေး မသိမသာ လူးလွန့်လာတယ်။ သတိ ပြန်လည်လာပြီထင်ပါရဲ့။

မျက်လုံးတော့ မဖွင့်သေးဘူး။ ကျွန်တော်နဲ့အတူ ကူညီပို့ပါလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းမောင်းသန် အမျိုးသမီးကြီးက ကျောပိုးအိတ်နဲ့ ဖုန်းတစ်လုံးကို လှမ်းပေးရင်း . . .

"မောင်လေးရေ . . . ရော့ . . . ဒါတွေက ဒီက ညီမလေးရဲ့ပစ္စည်းတွေ၊ သူ သတိလည်လာပြီဆိုတော့ အစ်မလည်း ပြန်တော့မယ်၊ အလုပ်လေး ရှိသေးလို့"

"ဟုတ် . . . ဟုတ်ကဲ့ဗျ၊ ကျေးဇူးနော် အစ်မ"

အမျိုးသမီးပြန်သွားတော့ ကျွန်တော်လည်း ကောင်မလေးရဲ့ပစ္စည်းတွေ လက်ခံထားလိုက်တယ်။

ကျောပိုးအိတ်ထဲမှာ ဘာတွေပါလဲတော့ မသိဘူး။

သူနဲ့ပတ်သက်တဲ့ အဆက်အသွယ်လေးများ ရမလားဆိုတဲ့ အတွေးနဲ့ ဖုန်းကို ဖွင့်ကြည့်လိုက်တယ်။

"ဟင်"

ဖုန်းက ဖွင့်မလာဘူး။ သေချာကြည့်လိုက်တော့မှ ဖုန်းက ပါဝါပိတ်နေတာ။

ပြုတ်ကျခဲ့တဲ့အရှိန်ကြောင့်လား မသိဘူး။ ကျွန်တော်လည်း ဖုန်းပါဝါကို ပြန်ဖွင့်ထားလိုက်တယ်။

အဲဒီအချိန်မှာပဲ ကောင်မလေးက တအင်းအင်းညည်းပြီး သတိပြန်ရလာပါပြီ။

မျက်လုံးဖွင့်ဖွင့်ချင်းပဲ ကောင်မလေးက ကျွန်တော်နဲ့ဆရာဝန်ကို ကြောင်တက်တက်ကြည့်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကျွန်မ ... ကျွန်မက ဘယ်ကိုရောက်နေတာလဲ"

"ဆေးခန်းမှာလေ ... မင်း ဆိုင်ကယ်နဲ့ ပွတ်တိုက်မိပြီး လဲကျသွားတာ၊ အဲဒီမှာ ခေါင်းထိသွားလို့"

"ရှင်"

ကောင်မလေးက သူ့ခေါင်းက ပတ်တီးကို ယောင်ယမ်းပြီး စမ်းလိုက်တယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်လက်ထဲက ကောင်မလေးရဲ့ဖုန်းက မြည်လာလို့ ဖွင့်ကိုင်လိုက်တော့ ...

"မုဒါ ... မုဒါ ... နင် ဘယ်ကိုရောက်နေတာလဲ၊ ဖုန်းပိတ်ထားတိုင်း ပြေးလို့မလွတ်ဘူးနော် မုဒါ"

အမျိုးသားတစ်ယောက်ရဲ့အသံပါ။ အသံက ဒေါသတွေ ပါနေတယ်။

ဘာတွေလဲတော့ မသိဘူး။

ကျွန်တော်က ကောင်မလေးဆီ ဖုန်းလှမ်းပေးလိုက်ရင်း ...

"မုဒါတဲ့ မင်းကို ပြောတာလားမသိဘူး ရော့၊ ပြန်ပြောလိုက်ဦး"

ကောင်မလေးမျက်နှာ မသိမသာပျက်သွားရင်း ခုတင်ပေါ် ထိုင်လိုက်တယ်။

လက်ထဲရောက်လာတဲ့ ဖုန်းကို သေချာကြည့်လိုက်ပြီးမှ ...

"အာ ... ဘာတွေလဲ၊ ကျွန်မ မသိဘူး၊ ကျွန်မ မသိဘူး၊ သွားဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

တားချိန်တောင် မရလိုက်ဘူး။

သူ့လက်ထဲက ဖုန်းကို အားကုန်လွှဲပြီး ပစ်ပေါက်လိုက်လို့ ဖုန်းဟာ နံရံနဲ့မိတ်ဆက်ပြီး ခွမ်းခနဲ တစ်စစီ ဖြစ်သွားတယ်။

ကျွန်တော်လည်း ရုတ်တရက် ကြောင်သွားပြီးမှ ...

"ဟာ ... ဘယ်လိုလုပ်လိုက်တာလဲ၊ အဲဒါ မင်းဖုန်းလေ၊ ဘာဖြစ်လို့ လွှင့်ပစ်လိုက်တာလဲ"

ပြောတော့လည်း ဒင်းကလေးက ကြောင်စီစီ ပြန်ကြည့်လာတယ်။

"ကျွန်မဖုန်း ဟုတ်လား၊ မသိဘူးလေ၊ နေစမ်းပါဦး ... ကျွန်မက ဘယ်သူလဲ"

"ဟင်"

ဒီတစ်ခါ ပါးစပ်အဟောင်းသား ဖြစ်သွားရသူက ကျွန်တော်ကိုယ်တိုင်ပါပဲ။

ဆရာဝန်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ကောင်မလေးကို ပြန်ကြည့်ရင်း ...

"ဟာ ... မင်းကိုယ်မင်းတောင် မသိဘူးလား၊ ခုနက ဖုန်းထဲမှာ မင်းကို ခေါ်တာတော့ မုဒါတဲ့၊ ပြီးတော့ ... အဲဒါ မင်းဖုန်းလေ၊ မင်းက ဆိုင်ကယ်နဲ့ ပွတ်တိုက်မိပြီး ဒဏ်ရာရသွားလို့ ဒီဆေးခန်းကို ငါ ခေါ်လာတာ ခု သိပြီလား"

"ဟင့်အင်း ... မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကုတ်လိုက်မိတယ်။ ဆရာဝန်ကို အားကိုးတကြီး လှမ်းကြည့်လိုက်တော့ . . .

"ညီလေး . . . သူ့ပုံစံကြည့်ရတာတော့ ပုံမှန်ပဲကွ၊ ဒါပေမဲ့ ခေါင်း ထိထားတဲ့ဒဏ်ရာကြောင့် နည်းနည်း လူ့စိတ်ဖြစ်သွားလားတော့မသိဘူး၊ ဆေးရုံသွားပြီး ဦးနှောက်နဲ့အာရုံကြောမှာ သွားပြရင် ပိုကောင်းမယ်"

"ဗျာ"

အဲဒီအချိန်မှာပဲ မုဒါလို့ ကျွန်တော် သိလိုက်ရတဲ့ ကောင်မလေးက ခုတင်ပေါ်ကနေ ဆတ်ခနဲ ထပြီး ထွက်သွားတယ်။

"ဟာ . . . အဲဒါက ဘယ်ကိုလဲ"

ကျွန်တော့်မှာ ကမန်းကတန်း လှမ်းခေါ်ရင်း သူ့နောက်က ပြေး လိုက်ရပြန်တယ်။

ဆေးခန်းအပြင်ဘက်ရောက်တော့ ရပ်နေတဲ့သူ့ကို တွေ့လိုက်လို့ . . .

"ဟာ . . . နေဦးလေကွာ၊ မင်းက ဘယ်သူလဲ၊ ငါ အခု မင်းကို ဘယ်ပြန်လိုက်ပို့ပေးရမှာလဲ မုဒါ"

မုဒါက ကျွန်တော့်ကို ပြန်စိုက်ကြည့်နေတယ်။ ပြီး . . . ဟီးခနဲ ရယ်လိုက်ရင်း . . .

"မသိဘူးလေ၊ ကျွန်မက ဘယ်သူလဲ၊ ခုနက ရှင်ခေါ်တော့ မုဒာ ဆို . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မုဒါပါကွာ၊ မင်းဖုန်းကို ခေါ်တဲ့လူက အဲလိုပြောတာပဲ"

"မုဒါ ဟုတ်လား၊ နာမည်လေးက မဆိုးပါဘူး"

"ကျွတ်စ် ... ဒုက္ခပါပဲကွာ"

ကျွန်တော် ဒုတိယမ္ပိ ခေါင်းတဖျင်းဖျင်းကုတ်လိုက်မိတယ်။

သူ့ကိုယ်သူ မမှတ်မိတော့လောက်အောင် မုဒါက ခေါင်းထိပြီး အတိတ်မေ့သွားတာလား။

ကျွန်တော် တွေးနေချိန်မှာပဲ ...

"သွားမယ်လေ ... ဒါနဲ့ ရှင်က ဘယ်သူလဲ"

"ငါ့နာမည်က ဝေမိုးတဲ့၊ ဟာ ... အဲဒါက အရေးမကြီးဘူး မင်းက ကိုယ့်ကိုယ်ကိုယ်တောင် မသိဘဲ ခု ဘယ်သွားမှာလဲလို့"

မုဒါက ကျွန်တော့်ကို ပြုံးစိစိကြည့်ရင်း ...

"ဘယ်သွားရမှာလဲ၊ ရှင်နဲ့ လိုက်မှာပေါ့"

"ဟင်"

"ဟုတ်တယ်လေ ... ကျွန်မမှာ သွားစရာမှမရှိတာ၊ ရှင်နဲ့ပဲ လိုက်မှာပေါ့၊ ဒါနဲ့ ရှင့်မှာ ကားပါလား"

"အာ ... ဘယ်လိုလုပ် ကားပါမှာလဲ၊ ငါက ရထားလုံးမောင်းသာကွ၊ ရထားလုံးပဲ ပါတယ်"

မုဒါက ခပ်တည်တည်မျက်နှာပေးလေးနဲ့ တစ်ချက်စဉ်းစားလိုက်သေးတယ်။

ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ရထားလုံးဆိုလည်း မဆိုးပါဘူးလေ၊ ရှင် ဆိုက်ကားသမား မဟုတ်တာ ကံကောင်းသွားတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဩော် ... ရှင်သာ ဆိုက်ကားသမားဆိုရင် ကျွန်မ ဆိုက်ကား စီးနေရမှာပေါ့ရှင့်၊ လာလာ ... သွားမယ်"

ပြောပြီး သူကပဲ ရှေ့က ထွက်သွားလေရဲ့။

သူ့နောက်ကို လိုက်သွားမယ်လုပ်ပြီးမှ ဆရာဝန်ကို ဆေးကုသ စရိတ်မပေးရသေးတာ သတိရတာနဲ့ ဆေးခန်းထဲ ပြန်ဝင်ပြီး ပေးလိုက်တယ်။

ဆရာဝန်က ဆေးကုသခကို မယူပါဘူး။ ကျွန်တော့်ကိုပဲ လူနာ အတွက် မှာတယ်။

"ညီလေး ... ကောင်မလေးကို ဂရုစိုက်လိုက်ဦးနော်၊ လော လောဆယ် အိမ်မှာ ခဏနားခိုင်းလိုက်ဦးကွ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဒေါက်တာ"

မုဒါနဲ့ မပတ်သက်ကြောင်း ရှင်းပြမနေတော့ဘဲ ဆေးခန်းထဲကနေ ပြန်ထွက်လာခဲ့တယ်။ ရှင်းပြလို့လည်း မထူးတော့ဘူးလေ။

ဒါပေမဲ့ ... ဆေးခန်းအပြင်ဘက်ရောက်တော့ မျက်လုံးပြူးရပြန် တယ်။

မုဒါက မရှိတော့ဘူး။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့လည်း အရိပ်အယောင်ကောင် မတွေ့ရတော့တာမို့ ကျွန်တော် သက်ပြင်းချလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... သူ့ဟာသူ ထွက်သွားပြီနဲ့ တူပါတယ်။

အဲဒါလည်း ကောင်းပါတယ်လေ။

တွေးရင်းနဲ့ လမ်းဘေးမှာ ရပ်ထားခဲ့တဲ့ ရထားလုံးဆီ ကျွန်တော် ပြန်လျှောက်လာခဲ့တယ်။ ရထားလုံးနားရောက်ပေမယ့် အပေါ်ကို မတက်ဖြစ်သေးဘူး။

အတိတ်မေ့သလိုဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်တည်း လျှောက်သွားနေလို့ အဆင်ပြေပါ့မလား။

တော်ကြာ မသမာသူတွေနဲ့ တွေ့နေမှဖြင့် ... ဟူး ...။

ရထားလုံးဘေးနားမှာရပ်ရင်း မုဒါအတွက် စိတ်ပူနေမိတယ်။

ပူရင်လည်း ပူစရာလေ။

ကောင်မလေးက လှတပတလေး။

ပြီးတော့ သူ့ကိုယ်သူတောင် ဘယ်သူမှန်း သိတာမဟုတ်ဘူး။ ခက်တော့မှာပဲ။

ကျွန်တော် တွေးနေချိန်မှာပဲ။

"ဝေမိုးဆိုတဲ့လူ သွားမယ်လေ၊ ဘာရပ်လုပ်နေတာလဲ"

"ဟဲ့"

ရထားလုံးထဲက ထွက်လာတဲ့အသံကြောင့် ကျွန်တော် အံ့သြပြီး ရှေ့လှတ်လိုက်မိတယ်။

ရထားလုံးပြတင်းပေါက်က လိုက်ကာစကို ဖယ်ပြီး ကြည့်လိုက်တော့ မုဒါဆိုတဲ့ ဒင်းကလေးဟာ အထဲမှာ အခန့်သား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဘာမှပြောမနေတော့ဘဲ ခေါင်းကိုသာ တဖျင်းဖျင်း ကုတ်ရင်း ရထားလုံးပေါ် ခုန်တက်လိုက်ပါတယ်။ ရထားလုံးမောင်းထွက်ထွက်ခြင်းပဲ ဖော်ဦးဆီ ဖုန်းခေါ်ပြီး ပြောထားလိုက်တယ်။

"အေး . . . ဖော်ဦးရေ ငါ့အိမ်ကို ခုချက်ချင်း လာခဲ့ပါကွာ၊ ဒီမှာ အရှုပ်ထုပ်တစ်ထုပ် ပါလာလို့"

"အောင်မာ . . . ဘာအရှုပ်ထုပ်လဲ . . . လူကိုများ"

အဲဒီစကားကို တစ်ဖက်က ဖော်ဦး ပြောလိုက်တာ မဟုတ်ဘူး။ ရထားလုံးထဲက မုဒါက လှမ်းအော်တာ။

ကျွန်တော်လည်း စကားပြင်ပြီး ဖော်ဦးကို ထပ်ပြောလိုက်ရတယ်။

"အေး . . . ဖော်ဦးရေ . . . ဧည့်သည်တစ်ယောက် ပါလာလို့ကွာ"

"အဲလိုလုပ်မှပေါ့ မောင်ဝေမိုးလေးရဲ့"

အဲဒီစကားကလည်း ရထားလုံးထဲက ဒေါ်မုဒါ လှမ်းပြောလိုက်တာ ပါပဲ။ သေစမ်း။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အိမ်ပြန်ရောက်ပြီး အိမ်ရှေ့ဝင်ပေါက်မှာ ကျွန်တော် စိတ်ပျက်လက် [illegible] ထိုင်နေတဲ့အချိန်မှာပဲ ဖော်ဦး ဆိုင်ကယ်ကြီး ခွစီးလို့ ရောက်ချလာ [illegible]ါတယ်။

ဒင်းကိုကြည့်ရတာ ဘာမှအပူအပင်မရှိသလို ဆောင့်ကြွားကြွားနဲ့။

ဆိုင်ကယ်ကိုရပ်ပြီး မြေကြီးပေါ် ခြေထောက်နှစ်ချောင်းနဲ့ [illegible]တယ်။ အိမ်ရှေ့အပေါက်ဝမှာ ထိုင်နေတဲ့ ကျွန်တော့်ဆီ လျှောက်လာရင်း

"ဟော့ကောင် ဝေမိုး . . . ဘာတွေဖြစ်နေတာလဲ၊ ညှိုးသည့် [illegible]ကျက်နေတယ်ဆို . . . ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ပုံစံကို တစ်ပြားသားမှ မလျော့ဘဲ ...

"အိမ်ထဲသာ ဝင်ကြည့်တော့ ဇော်ဦးရာ၊ ငါတော့ စိတ်ညစ်လို့ မြစ်ကမ်းစပ်မှာ ထိုင်နေတုန်း သပွတ်အူကို ဆယ်မိပြီ ထင်တယ်"

ဥပမာပေးပြီး ပြောလိုက်ပေမယ့် ဇော်ဦး နားလည်ပုံမပေါ်ဘူး။

ဒီကောင်က မဟုတ်တဲ့နေရာတွေမှာ လူရည်လည်သလောက် စာပေနဲ့ ပတ်သက်လာရင် ဒုံးဝေးတယ်။ ခုလည်း ကျွန်တော့်စကားကြောင့် ခေါင်းကုတ် လိုက်ရင်း ...

"ဘာတွေလဲကွာ ... မြစ်ကမ်းစပ်တွေရော၊ သပွတ်အူတွေရော ... ရှုပ်နေတာပဲ"

"သြော် ... ကဲ ... ရှင်းပြနေရင် ကြာနေဦးမယ်၊ မင်းဟာမင်း အိမ်ထဲသာ ဝင်ကြည့်တော့ ... လို့"

ကျွန်တော့်စကားဆုံးတော့ ဇော်ဦးက နားမလည်တဲ့ပုံစံနဲ့ ပြန်ကြည့်တယ်။

ခေါင်းကို လက်နဲ့ကုတ်နေရင်းကနေ လက်ကို ခေါင်းနဲ့ ပြန်ကုတ်တယ်။

ပြီး အောင့်သက်သက်လေသံနဲ့ ...

"ပြီးရောကွာ ... မင်းက ဝင်ကြည့်ဆိုတော့လည်း ကြည့်ရတာပေါ့၊ အဲ ... သတိတော့ ထားမှဖြစ်မယ်ကွ"

ဇော်ဦးဟာ သူ့စကား သူတာဝန်ယူတဲ့ကောင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပြောပြီး အိမ်ထဲကို ကုတ်ချောင်းချောင်းနဲ့ ချွတ်နင်းဝင်ရောက်သွားတယ်။

သူခိုးတစ်ယောက်ရဲ့ခြေလှမ်းတွေနဲ့။

သိပ်မကြာဘူးဗျ။

ဖော်ဦး အိမ်ထဲဝင်သွားလို့ တစ်မိနစ်လောက်ပဲ ရှိဦးမယ်။ တဘုန်းဘုန်းရိုက်သံ၊ အော်သံတွေ အိမ်ထဲက ထွက်လာလေရဲ့။

"သူခိုးပါရှင့် ... သူခိုး ... သူခိုး"

"ဟာ ... မဟုတ်"

"ဘာမဟုတ်လဲ၊ သူခိုး ... ဓားပြ၊ အနုကြမ်းသမား၊ အကြမ်းဖက်ရှမ်းအားရှင်၊ ကဲဟယ် ... ကဲဟယ်"

"အား ... အမယ်လေး ... လုပ်ပါဦး"

ဖော်ဦးရဲ့အော်သံတွေဟာ အိမ်ထဲမှာ မိုးလုံးညံသွားတယ်။

ကျွန်တော် အိမ်ထဲကို အပြေးဝင်သွားလိုက်တော့ ဖော်ဦးက ခင်ပွတ်၊ ခေါင်းပွတ် လုပ်ပြီး ကျွန်တော့်နောက်မှာ လာကပ်နေတယ်။

ရှေ့မှာတော့ တံမြက်စည်းကို တင်းတင်းဆုပ်ကိုင်ထားတဲ့ ဒေါ်မှဒါပေါ့။

ကျွန်တော်က ...

"ဟာ ... ဘာတွေဖြစ်နေကြတာလဲ"

ဖော်ဦးက အရင်ပြောတယ်။

"ဘာဖြစ်ရမှာလဲဟ ... မင်း ဘယ်သူ့ကို အိမ်ခေါ်လာတာလဲကွာ



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် ... မင်း ဂေါက်သီးများ ခေါ်လာတာလား''

စကားအဆုံးမှာပဲ မုဒါက ဆတ်ဆတ်ထိမခံတဲ့ပုံစံလေးနဲ့ ပြန်ကော

တော့တယ်။

''အောင်မာ ... လူကိုများ ဂေါက်သီးလေး ဘာလေးနဲ့၊ နင်ကမှ

ဂေါက်တံ၊ ဂေါက်ကွင်း၊ ဂေါက်အိတ် ... ဟဲ့''

''ဟာ ... ဘာကြီးလဲ''

ကျွန်တော်ကပဲ မုဒါကို လက်ကာပြပြီး ...

''မုဒါ ... ခဏ, ခဏ၊ သူက ငါ့သူငယ်ချင်းပါ ... ဇော်ဦးတဲ့၊

မင်းကို အန္တရာယ်ပြုမယ့်လူမဟုတ်ပါဘူး၊ အဲဒီတံမြက်စည်းကြီး ချထားလိုက်

စမ်းပါ''

ပြောလိုက်တော့မှ မုဒါက တံမြက်စည်းကို ပစ်ချလိုက်ရင်း ...

''မသိဘူးလေ ... ရှင့်သူငယ်ချင်းက ကုပ်ချောင်းချောင်းနဲ့ ဝင်

လာတော့ တစ်မျိုးထင်တာပေါ့၊ ပြီးတော့ ရုပ်ကလည်း ပေစုတ်စုတ်ဖြစ်နေ

တာကိုး''

''ဟာ''

ဇော်ဦးဟာ သူ့ကိုယ်သူ ပြန်ကြည့်ပြီး အတော်ဆို့ဆို့နင့်နင့် ဖြေ

ကွဲသွားပုံပဲ။

ဒါပေမဲ့ ... ပြန်ပြောလိုက်သေးတယ်။

''ဟဲ့ ... ငါက ခုမှ ဆိုင်ကယ်ပြင်နေရာကနေ ထလာခဲ့လို့ဟ၊

ငါ့ရုပ်က ဒီလောက်မစုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မစုတ်ပေမယ့် ရုပ်ပေါက်တယ်"

"ဟာ"

ဖော်ဦး ထပ်နင်သွားတယ်။

ကျွန်တော်လည်း မှဒါကို လက်ကာပြပြီး ဖော်ဦးကို အိမ်အပြင် ခေါ်လာခဲ့လိုက်တယ်။

အိမ်အပြင်ရောက်လို့ အကျိုးအကြောင်းအားလုံးကို ရှင်းပြလိုက် တော့မှ ဖော်ဦးက …

"ဟင် … အဲဒါဆို အဲဒီကောင်မလေးက ဝေါက်နေတာပေါ့၊ ဟုတ်လား ဝေမိုး"

ကျွန်တော်လည်း ခေါင်းကုတ်လိုက်ရင်း …

"ထင်တာပဲလေ … သူ့ဟာသူ အစကတည်းက ဝေါက်နေတာ လား။ ဒါမှမဟုတ် ဆိုင်ကယ်နဲ့ တိုက်မိပြီးမှ ဖြစ်တာလားတော့ မသိဘူး"

"ထားပါတော့ … ခု သူ့ကို ဘယ်ကိုပို့ပေးရမှာလဲ"

"မသိဘူးလေ၊ ငါလည်း အဲဒါကို စဉ်းစားမရဖြစ်နေတာ"

"ဟာ … ဒုက္ခပါပဲ"

"အေးဆို … အဲဒါကြောင့်ပဲ ဘာလုပ်ရမှန်းမသိလို့ မင်းကို လှမ်း ခေါ်လိုက်တာပေါ့"

စကားအဆုံးမှာတော့ ဖော်ဦးက စဉ်းစားတယ်။

"ဒါနဲ့ ဝေမိုး … သူ့ဆီမှာ မှတ်ပုံတင်တို့ ဖုန်းတို့ မပါဘူးလား"

"မှတ်ပုံတင်တော့ မသိဘူးကွ၊ ကျောပိုးအိတ်တစ်လုံးတော့ ပါတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာပဲ၊ ဖုန်းကတော့ ... ဟာ ... ဟုတ်ပြီ"

ကျွန်တော့်စကားကြောင့် ဖော်ဦး ဆတ်ခနဲ ဖြစ်သွားရင်း ...

"ဟင် ... ဘာဟုတ်တာလဲကွ"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်ပြီး ...

"မုဒါမှာ ဖုန်းတော့ပါတယ်ကွ၊ အဲဒီဖုန်းကြောင့်ပဲ သူ့နာမည်ကို မုဒါလို့ ငါသိရတာ၊ ဒါပေမဲ့ ... အဲဒီဖုန်းကို ဆေးခန်းမှာ သူ ပစ်ပေါက်လိုက်တယ်"

"ဟာ"

"မဟာနဲ့ဦး ... ဖုန်းက သုံးမရတော့ပေမယ့် အထဲက Sim card တော့ မပျက်စီးလောက်ဘူးကွ၊ ဆေးခန်းမှာ အဲဒီဆင်းကတ် သွားပြန်ရှာလို့ ရရင်တော့ မုဒါနဲ့ပတ်သက်တဲ့ အဆက်အသွယ်တစ်ခုခု ရလောက်တယ်"

"ဪ ... အေး ... ဟုတ်သားပဲ၊ အဲဆိုလည်း သွားရှာရအောင် ဝေမိုး"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

ဟုတ်တယ်လေ။

လောလောဆယ် အနေအထားအရ မုဒါနဲ့ပတ်သက်ပြီး သိရဖို့က ဒီတစ်နည်းပဲ ရှိတော့တယ် မဟုတ်လား။

ဖော်ဦးက ဆိုင်ကယ်ပေါ် တက်ရင်း စက်နှိုးလိုက်တယ်၊ ကျွန်တော် နောက်က တက်ခွလိုက်တော့ ...

"ဟေ့ကောင် ... မင်းရဲ့မုဒါကို ဒီအတိုင်းထားခဲ့တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်စီခနဲ စုတ်သတ်ရင်း ကျွန်တော် ပြန်ပြောလိုက်တယ်။

"ဒီအတိုင်း မထားခဲ့လို့ လွယ်အိတ်လို တိုင်မှာ ချိတ်ထားလို့မှမရဘဲ၊ သွားမယ်ကွာ ... သူလည်း ထွက်သွားမှာမဟုတ်ပါဘူး"

"အေးလေ ... သူ့ဟာသူ ထွက်သွားတော့လည်း မင်းကိစ္စပြီးတာပဲလေ"

ဇော်ဦးရဲ့စကားက တာဝန်မဲ့သလို ဖြစ်နေပေမယ့် ကျွန်တော် ပြန်မပြောလိုက်မိဘူး။

ခြံထဲကနေ ဆိုင်ကယ်မောင်းထွက်လိုက်တဲ့အချိန်မှာပဲ ရပ်ကွက်ထဲက ကော်စတာတို့အုပ်စု ခြံထဲပြေးဝင်လာကြတယ်။

ဇော်ဦးလည်း ဆိုင်ကယ်ကို ပြန်ရပ်လိုက်တယ်။

ကော်စတာက ...

"ဦးဝေမိုး ... ဒါက ဘယ်လိုလဲဗျ"

"အဲ"

ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်နေချိန်မှာပဲ ဇော်ဦးက ဝင်ပြောလိုက်တယ်။

"မင်းတို့ ဦးဝေမိုး မိန်းမခိုးလာလို့ကွ၊ အဲဒါ စားစရာသောက်စရာလေး သွားဝယ်မလို့"

"ဟာ ... ဟုတ်ကောင်"

ကျွန်တော် လှမ်းဟန့်လိုက်ပေမယ့် ကော်စတာက မယုံသင်္ကာဟန်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟုတ်လို့လားဗျ"

"မင်းကလည်း မယုံသက်ာနဲ့ . . . အိမ်ထဲဝင်ကြည့်ကြကွာ၊ အထဲမှာ ဝေမိုးရဲ့မိန်းမရှိတယ်"

ပြောပြီးတာနဲ့ ဖော်ဦးက ဆိုင်ကယ်ကို ဝူးခနဲဆောင့်ပြီး မောင်း ထွက်လိုက်တယ်။

ကျွန်တော် လည်ပြန်လှမ်းကြည့်လိုက်တော့ အိမ်ဘက်ကို ပြေး သွားကြတဲ့ ကော်စတာတို့အုပ်စုကို တွေ့လိုက်ရလေရဲ့။

ကျွန်တော်လည်း ဖော်ဦးကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်ပါတော့ တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆေးခန်းကို ပြန်သွားခဲ့ပေမယ့် ကျွန်တော်တို့ အခါနှောင်းသွားခဲ့တယ်။

မုဒါ ပစ်ပေါက်ခဲ့တဲ့ ဖုန်းကိုလည်း မတွေ့တော့ဘူး။

ဖုန်းထဲက Sim card ကိုလည်း မရခဲ့ပါဘူး။

ဆရာဝန်ရဲ့ပြောပြချက်အရ ကျွန်တော်တို့ ဆေးခန်းက ထွက်သွားပြီး သိပ်မကြာခင်မှာပဲ လူတစ်စု ဆေးခန်းကိုရောက်လာသတဲ့လေ။

အဲဒီလူတွေထဲက ခေါင်းဆောင်ဟာ မုဒါရဲ့ဦးလေးလို့ဆိုသတဲ့။

"ငါ့ညီခေါ်လာတဲ့ ကောင်မလေးကို သူ့တူမလို့ ပြောတာပဲကွ



www.burmeseclassic.com

www.burmeseclassic.com



မင်း လိပ်စာကို မေးပေမယ့် ကိုယ်မှမသိတာ၊ ကိုယ့်ကိုတောင် ရန်လုပ်သွားကြသေးတယ်၊ အဲ ... ကောင်မလေးရဲ့ဖုန်းကိုတော့ ပြန်ယူသွားကြတယ်''

''ဟုတ်လား ... ဒေါက်တာ၊ ဒါနဲ့ အဲဒီလူတွေရဲ့လိပ်စာကိုကော ဒေါက်တာ မေးထားလိုက်သေးလားဗျ''

ဆရာဝန်က ခေါင်းခါတယ်။

''ဟော့အေး ... မမေးလိုက်မိဘူး၊ လာတာတော့ ကားနဲ့လာတာပဲကွ၊ သူတို့ပုံစံကြည့်ရတာ ညှို့သည်တွေနဲ့ တူပါတယ်၊ အဲ ... တစ်ခုတော့ ရှိတယ်''

''ဘာများလဲ ဒေါက်တာ''

''ဩော် ... မင်းတို့တွေ ဆေးခန်းကို မြင်းလှည်း၊ အဲ ... ရထားလုံးနဲ့ လာတယ်လို့တော့ ပြောလိုက်မိတယ်ကွ''

''ဩော် ... ရပါတယ် ဒေါက်တာ၊ ကျွန်တော်က ရထားလုံးမောင်းတာပါ၊ အဲဒီကောင်မလေး လမ်းမှာ ထိခိုက်မိတာမြင်လို့ ကူညီပေးတာပါ ဒေါက်တာ''

''ဩော် ... အဲလိုလား၊ အင်း ... ငါ့ညီက စိတ်ကောင်းရှိသားပဲ၊ ဒါပေမဲ့ ... ကောင်မလေးရဲ့ဦးလေးတို့အုပ်စုကြည့်ရတာတော့ သိပ်ပုံစံမကျဘူးကွ''

ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွားရင်း ပြန်မေးလိုက်မိတယ်။

''ဗျာ ဒေါက်တာ ... ပုံစံမကျဘူးဆိုတာက ...''

ကျွန်တော့်အပြောကို ဆရာဝန်က သဘောပေါက်ပုံရတယ်။ တစ်



www.burmeseclassic.com

www.burmeseclassic.com


ချက်စဉ်းစားပြီး ပြန်ပြောလာတယ်။

"အဲ ... ပုံစံမကျဘူးဆိုတာကလေ ... သူတို့ အဲကောင်မလေးရဲ့ ဦးလေးဆိုတဲ့လူကို ကြည့်ရတာ သူ့တူမပျောက်လို့ အရမ်းစိတ်ပူပြီး လိုက်ရှာနေပုံမျိုးနဲ့ မတူဘူး၊ ဒုက္ခပေးဖို့ မတွေ့မချင်း လိုက်ရှာနေပုံမျိုးလို့ ထင်မိတယ်၊ ဒါကလည်း ကိုယ့်အထင် ပြောတာပါ"

"ဩော် ... ဟုတ်ကဲ့ ဒေါက်တာ၊ ခုလိုပြောပြတာ ကျေးဇူးပါပဲ၊ ကျွန်တော်လည်း စုံစမ်းကြည့်ပါဦးမယ် ခင်ဗျ"

ဆရာဝန်ကို နှုတ်ဆက်ပြီး ... ကျွန်တော်တို့ ထွက်လာခဲ့လိုက်တယ်။

မုဒါကို လိုက်ရှာနေကြတာတော့ သေချာပြီ။

ဒါပေမဲ့ ဘယ်လိုရည် ရွယ်ချက်မျိုးနဲ့ လိုက်ရှာနေတာလဲ။

ကျွန်တော် သေချာမသိသေးဘူး။

ဘာမှန်းမသိရသေးပေမယ့် မုဒါကိုတော့ ဒုက္ခမရောက်စေချင်တာ အမှန်ပါ။

ဆိုင်ကယ်နဲ့ ပြန်ထွက်လာကြတော့ ... လမ်းမှာ ဇော်ဦးက မေးတယ်။

"ဝေမိုး ... ခု မင်း ဘာဆက်လုပ်မှာလဲ"

ကျွန်တော် စဉ်းစားရင်း ပြန်ပြောလိုက်ပါတယ်။

"အိမ်ပဲ ပြန်မယ်ကွာ၊ မုဒါကို ဘာတွေဖြစ်လာသလဲဆိုတာ ငွေ့မော့မေးကြည့်ရမှာပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။

ခုအခြေအနေအရဆိုရင် မှဒါကို မေးစရာပဲ ရှိတော့မယ် မဟုတ်လား။

ကျွန်တော် လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်မိပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သိတယ်။

မုဒါကို မေးရမှာ တော်ရုံစကားလောက်နဲ့တော့ မရဘူးလို့၊ တကယ်တော့လည်း ထင်ထားတဲ့အတိုင်းပဲ။

"မုဒါ ... မင်း ဘယ်ကလာတာလဲ"

ကျွန်တော်မေးတော့ ဒင်းက မျက်လုံးလေး ကလယ်ကလယ် လုပ်နေသေးတယ်။

ပြီးမှ အိမ်နောက်ကို လက်ညှိုးညွှန်ပြရင်း ...

"အိမ်နောက်ဘက်ကလေ ... တွင်းလက်သွားပြီး ပြန်လာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ"

"ဟာ"

ကျွန်တော် ခေါင်းကုတ်လိုက်မိတယ်။

ရှုံပြီး သေချာကော ရေဆွဲ ချခဲ့ရဲ့လားလို့ မေးလိုက်ရင် မကောင်းဖြစ်ရော့မယ်။

စိတ်ထဲကနေ သည်းခံ ... သည်းခံလို့ ကျားပေါက်သီချင်းကို ရေရွတ်လိုက်ရင်း ...

"မဟုတ်သေးဘူးလေ ... မင်းကို မေးတာက မင်းဟာ ဘယ်ကလဲ၊ ပြင်ဦးလွင်ကလား။ မန္တလေးကလား။ ဒါမှမဟုတ် ဘယ်ကလာတာလဲ၊ ဒါကိုမေးတာ"

"ဩော် ... လိပ်စာကို မေးတာလား"

သိသားပဲလို့ ကျွန်တော် တွေးရင်း ...

"အေး ... ဟုတ်တယ်၊ လိပ်စာကို မေးတာ၊ လိပ်စာကို မေးတာ"

သူက မျက်လုံးလေး ထောင့်ကပ်လို့ စဉ်းစားလိုက်ပြီးမှ ...

"အင်း ... လိပ်စာကတော့ ကန်စွန်းရွက်တို့၊ ပေါက်ပေါက်ဆုပ်တို့ ဖြစ်နိုင်တယ်။ နောက်ထပ် လိပ်ကို ဘာများကျွေးလို့ရသေးလဲ"

နင့်အမေ ကြီးဒေါ်ပေါ့လို့သာ ပြောလိုက်ချင်တော့တယ်။

ဘာတွေဖြစ်နေမှန်းလည်း မသိဘူး။ ဒီကောင်မလေးနဲ့တော့ ခက်နေ ပါပြီ။

ကျွန်တော် မျက်မှောင်ကြုတ်လိုက်ရင်း ခပ်တည်တည်ထပ်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"မုဒါ . . . မင်း အခု ငါ့အိမ်ပေါ်ရောက်နေတဲ့ကိစ္စက ပေါ့သေးသေး မဟုတ်ဘူးနော်၊ မင်း ဘယ်ကလာမှန်းလည်း မသိ၊ ဘာတွေလုပ်လာမှန်း လည်း မသိဘဲ ငါ့မှာ လက်ခံထားရတာ ဘယ်လောက်တာဝန်ကြီးလဲ၊ မင်းအကြောင်းကို ပြောပြမှဖြစ်မယ်"

စကားဆုံးတော့ မုဒါမျက်နှာဟာ တည်သွားတယ်။

ကျွန်တော့်အမေးကိုလည်း သဘောပေါက်သွားပုံပဲ။

ဒါပေမဲ့ . . . ကျွန်တော့်အတွေးဟာ ခဏပဲ အသက်ဝင်လိုက်တယ်။ ခါက ခွီးခနဲ ရယ်လိုက်ပြီး . . .

"အမယ်လေး . . . ဘာများလဲလို့ မောင်တော်ရယ်၊ နှမတော်လေး ကို သံကွန်ခြာအထပ်ထပ် ကာထားတဲ့ နေပြည်တော်ကြီးဆီက မောင်တော်ပဲ ဆက်စွန့်ဆံဖျား ခိုးလာခဲ့တာလေ၊ ပြီးတော့ ဒီနန်းတော်ကြီးဆီ ရထားလုံး စီးပြီး ပြန်ခဲ့တယ် မဟုတ်လား"

"အာ . . . မုဒါ မင်း ပေါက်ကရတွေ ပြောမနေနဲ့"

"အောင်မာ . . . ပြောစရာလား၊ ပေါက်ကရ ပြောရအောင် လူကို အရူးများ မှတ်နေလား"

မုဒါစကားကြောင့် အိမ်ထောင့်ကနေ နားထောင်နေတဲ့ ဖော်ဦးက ခွီးခွီး ထရယ်တယ်။

မုဒါက ဖော်ဦးကို မျက်စောင်းလှမ်းထိုးလိုက်ရင်း . . .

"တိတ်စမ်း . . . နင်လို ငယ်ကျွန်က ပျက်ရယ်ပြုစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

ဇော်ဦး နှင်သွားတယ်။

ကျွန်တော်လည်း လေပူကြီးကို မှုတ်ထုတ်လိုက်ရင်း . . .

"မုဒါ . . . မင်း တကယ်ပဲ ဘာမှကို မမှတ်မိတော့တာလား၊ ဒါမှ မဟုတ် ရူးချင်ယောင်များ ဆောင်နေတာလားကွာ"

"အို မောင်တော်ရယ် . . . ရူးချင်ယောင်ဆောင်တာများ လွယ်တာ မှတ်လို့၊ နှမတော်လေး မောင်တော့်အပေါ် အဲ့သလို မလုပ်ဝံ့ပါဘူး"

"ကောင်းရောကွာ"

ကျွန်တော် အတော်လေး စိတ်လက်ကုန်ခမ်းသွားပါပြီ။ မုဒါကို စေ့စေ့ကြည့်ရင်း . . .

"မုဒါ . . . မင်း ရူးတယ်ဆိုရင်လည်း ကောင်းကောင်းရူးကွာ နေပြည်တော်တွေ၊ မောင်တော်တွေ၊ နှမတော်တွေနဲ့ ခမ်းခမ်းနားနား လုပ် မနေနဲ့၊ အဲဒါမျိုးက ဘုရင်ရူး၊ အာဏာရူးတွေ ရူးကြတာကွ"

မုဒါ မျက်နှာလေးက မှုတ်ကုတ်ကုတ်ဖြစ်သွားရင်း . . .

"ပြီးရောလေ . . . ကျွန်မကလည်း ရှင့်ကို ပျော်စေပျက်စေ နောက် ပြီး ပြောနေတာပါ၊ ဒါပေမဲ့ . . . လူကို အရူးလို့တော့ မပြောနဲ့၊ ရှင် လက် မခံချင်ရင် ချပြန်မယ်"

ပြောရင်း ကျောပိုးအိတ်ဆွဲပြီး ထရပ်လိုက်လို့ ကျွန်တော် လက် ကာပြလိုက်ရတယ်။

"ဟာ . . . ခဏနေပါဦး . . . ခု မင်းက ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . . ခြေဦးတည့်ရာ၊ စိတ်ကူးပေါက်ရာပဲ"

"အာ . . . အဲလိုသွားလို့မရဘူးလေ၊ ထိုင်စမ်းပါဦးကွာ . . . မင်း အဲလိုလျှောက်သွားမယ့်အစား ဒီမှာပဲနေပါ"

အဲဒီတော့မှ ဒင်းကလေးက ပြန်ထိုင်တယ်။

ပြီး စဉ်းစားမိဟန်နဲ့ . . .

"နေစမ်းပါဦး ဝေမိုးရဲ့ . . . ကျွန်မက ဒီမှာနေမယ်ဆိုတော့ ရှင်က ဘယ်မှာနေမှာလဲ"

"ဘာ"

"ဩော် . . . ဒီလိုလေ . . . ရှင်နဲ့ကျွန်မက ဒီအိမ်ထဲမှာ နှစ်ယောက် အတူ ညအိပ်လို့ အဆင်မပြေဘူးလေ"

"မင်း . . . ဒါတော့ သိသားပဲ"

"သိတာပေါ့ . . . အရူးမှ မဟုတ်တာ"

"ဟာကွာ"

ကျွန်တော် ခေါင်းတဖျင်းဖျင်းကုတ်မိတော့တယ်။

ဖော်ဦးက မုဒါအပြောကို ကြောက်လို့ ဝင်မပြောပေမယ့် တခွိခွိ ကျိတ်ရယ်နေတယ်။

ကျွန်တော်လည်း အောင့်သက်သက်လေသံနဲ့ . . .

"အေးပါကွာ . . . အဲဆိုလည်း ညဘက်ကျရင် ငါ ရထားလုံးထဲ မှာပဲ အိပ်ပါ့မယ်"

"ဒီလိုမှပေါ့ . . . မောင်တော်၊ အဲ . . . မောင်ဝေမိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကြောင့် ကျွန်တော့်မှာ နှင်တင်တင်ဖြစ်ရသေးတယ်။ ကျွန်တော်လည်း သူ့ကို စေ့စေ့ကြည့်ရင်း သတိရလာတာနဲ့ ...

"ဒါနဲ့ ... မင်းကျောပိုးအိတ်ထဲမှာ ဘာတွေလဲ မှဒါ၊ အဝတ်အစား တွေကော ပါရဲ့လား၊ ပြင်ဦးလွင်က အေးတယ်နော်"

သူ့မျက်နှာလေး ကွက်ခနဲပျက်သွားတယ်။

ချက်ချင်းပဲ ကျောပိုးအိတ်ဖွင့်ပြီး အထဲက ပစ္စည်းတွေ ဆွဲထုတ် လိုက်တယ်။

အိတ်ထဲက အတာချီ ကော့စ်အနက်ရောင်တစ်လုံးနဲ့ ငွေစက္ကူထပ် အချို့သာ ထွက်လာလို့ သူ မျက်လုံးလေး ဝိုင်းသွားရင်း ...

"ဟင် ... ဘာအဝတ်အစားမှလည်း မပါဘူး၊ ဘယ်လိုလုပ်ရမလဲ"

"မဝတ်ဘဲနေပေါ့"

အဲဒီစကားကို ကျွန်တော် ပါးစပ်က ထုတ်ပြောလိုက်တာ မဟုတ် ပါဘူး။

ပြောရင် ပါးထရိုက်မှာ သေချာတယ်။

ဒင်းကလေးက အရှူးပါး။

"အဲဒီအတာချီကော့စ်ဟာ ဘာတွေထည့်ထားတာလဲ"

ချက်ချင်းဆိုသလို သူ့မျက်နှာဟာ လေးနက်သွားပြီးမှ အရေးမကြီး ဟန် လုပ်လိုက်ရင်း ...

"ဩော် ... ဘာမှမဟုတ်ပါဘူး၊ ရှင့်အတွက် အရေးမပါဘူးလို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောလေ"

ပြောပြီး ကျွန်တော် ထရပ်လိုက်တယ်။

ကျွန်တော့်ကိုကြည့်ပြီး သူက ...

"ဒါက ဘာလဲ"

"ဩော် ... ဘယ်သွားရမှာလဲ၊ ညနေစာ စားဖို့ စားသောက်စရာတွေ သွားဝယ်ရမယ်လေ၊ မင်းရော မစားဘူးလား"

သူ လှစ်ခနဲပြုံးတယ်။ ပြီးမှ ...

"စားမှာပေါ့ရှင် ... ခဏ ကျွန်မလည်း ပိုက်ဆံပေးလိုက်ဦးမယ်"

"ငါ ကျွေးမှာပါကွ ... မင်းကလဲ"

"စားစရာဝယ်ဖို့ ပေးတာမဟုတ်ဘူး၊ ကျွန်မအတွက် တီရှပ်သုံးလေးထည်လောက်နဲ့ အနွေးထည်ဝယ်ဖို့ ပေးလိုက်မှာ၊ ဒါနဲ့ ရှင့်အိမ်မှာ ထမင်းဟင်းချက်စားဖို့ ပစ္စည်းအစုံ ရှိတယ်နော်၊ ဆန်တို့၊ ကြက်ဥတို့ ဝယ်လာခဲ့ပါလား"

"ဟင် ... မင်းက ထမင်းဟင်း ချက်ပေးမလို့လား"

"ဩော် ... ရှည်လိုက်တာ၊ ဝယ်လာခဲ့စမ်းပါဆို"

ကျွန်တော်လည်း ပခုံးအသာတွန့်ပြီး ထွက်လာခဲ့လိုက်တယ်။

ဇော်ဦးက အလိုက်တသိ ကျွန်တော့်နောက်က ကပ်ပါလာတယ်။

ဇော်ဦးက အလိုက်သိစွာပဲ ဆိုင်ကယ်ပေါ် တက်လို့ စက်နှိုးလိုက်ချင်း ...

"ဟော့ကောင် ဝေမိုး ... မင်းဟာမလေးက ဘာလေးတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ဖြေစရာစကားနည်းနည်းပဲ ရှိတော့တယ်။

အဲဒီအတိုင်းပဲ ဖြေလိုက်တယ်။

"ဘာလေးလဲဆိုတော့ အဲဒါလေးပဲပေါ့ကွာ"

ရှင်းလောက်မယ် ထင်တာပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

Hotel အိပ်ခန်းတစ်ခုအတွင်းမှာ ဖြစ်သည်။

ဒေါ်သူဇာတစ်ယောက် အခန်းထဲ၌ ရုတက်မအေးစွာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေရင်း ခုတင်ပေါ်တွင် ဖုန်းကိုယ်စီပွတ်နေကြသော တပည့်မနှစ်ယောက်ကို မနှာလိုစွာ ကြည့်လိုက်၏။

တပည့်မနှစ်ယောက်ကတော့ သူမကို ရှိသည်ဟုပင် ထင်ပုံမရ။ ဒေါ်သူဇာ မနှာလိုဖြစ်ရာကနေ ဒေါသထွက်လာရပြီး . . .

"ဟဲ့ . . . ညည်းတို့နှစ်ယောက် မပြီးကြသေးဘူးလား"

တပည့်မတစ်ယောက်က လှည့်၍ပင်မကြည့်ဘဲ ပြန်ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါ အန်တီရဲ့ ... ဒီမှာ War စတော့မယ်"

"ဟဲ့ ... ရီရီနိုင်"

အာခေါင်ခြစ်အော်လိုက်တော့မှ ရီရီနိုင်က လက်ထဲမှ ဖုန်းကို ခုတင်ပေါ် ဆတ်ခနဲ ပစ်ချလိုက်ပြီး ...

"ရှန် ... အန်တီ"

"အန်တီလုပ်မနေနဲ့ ... ဟိုတစ်ယောက်လည်း ဖုန်းကို ချထား လိုက်တော့၊ ညည်းတို့ အဲဒီစီအိုစီ ဆက်ဆော့နေမယ်ဆိုရင် အလုပ်က ထွက်ပြီး ရန်ကုန်ပြန်တော့"

ရီရီနိုင်က မျက်နှာကို မသိမသာမဲ့ရင်း ပြန်ပြောလာသည်။

"အန်တီကလည်း ... အန်တီလည်း စီအိုစီ ဆော့တာပဲလေ"

"တိတ်စမ်း ... ဒီကောင်မလေး ပြန်ပြောနေသေးတယ်၊ ငါ ဆော့ တယ်ဆိုတာက လေ့လာတာဟဲ့၊ ညည်းတို့တွေ ဘာဖြစ်လို့ သည်းကြီး မည်းကြီး ဆော့နေကြတာလဲဆိုတာ သိချင်လို့ ဆော့ကြည့်တာ၊ ခု မဆော့ တော့ဘူး"

"တိုက်တိုင်းရှုံးနေလို့မလား"

"အောင်မာ ... ဘာလို့ရှုံးရမှာလဲ၊ တိုက်တိုင်း ကြယ်သုံးပွင့်ချ ချည်းပဲ၊ အဲ ... ရီရီနိုင် ... ငါပြောတာ နားထောင်၊ ညည်းတို့ကသာ ဘာမှမရဘဲ အဲဒီစီအိုစီကို ဆော့နေ၊ ညည်းတို့ကြောင့် ဂိမ်းကုမ္ပဏီက နှစ်စဉ် ဒေါ်လာသန်းချီဝင်နေတယ်၊ ညည်းတို့ကို အဲဒီက ဘာပြန်ပေးလဲ"

"အာ ... အန်တီကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီကလည်း မလုပ်နဲ့၊ အဲဒီစီအိုင်စီကြောင့် အလုပ်ပြုတ်တဲ့ သူတွေလည်း ပြုတ်ကုန်ကြပြီ၊ ပြောရတာ မောတယ်၊ ဒီမှာ ရီရီနိုင် ... ငါတို့ ပြင်ဦးလွင်ကို ဘာလုပ်ဖို့ လာကြတာလဲ"

ရီရီနိုင်က ...

"အန်တီ့တူမ မုဒါနောက်ကို လိုက်လာတာပါ အန်တီ"

"သူ့ဆီမှာ ဘာတွေပါသွားလဲ"

သိပြီးသားတွေကို ထပ်မေးပြန်ပြီပဲ ရီရီနိုင် တွေးလိုက်ရင်း ...

"မုဒါဆီမှာ စာချုပ်တွေ၊ စာရွက်စာတမ်းတွေ ပါသွားတယ်၊ အဲဒါကို ပြန်ယူဖို့ လိုက်လာကြတာပါ"

ဒေါ်သူဇာက ခေါင်းညိတ်သည်။

"ဟုတ်ပြီ ... ဒါပေမဲ့ ခု မုဒါနောက်ကို လိုက်လာကြတာ ငါတို့ တစ်ဖွဲ့တည်း မဟုတ်ဘူး၊ ငါ့အစ်ကို ကိုသိုက်စိုးတို့အဖွဲ့လည်း ပြင်ဦးလွင် ကို ရောက်နေကြပြီ၊ သူတို့ဦးရင် စာချုပ်တွေကို သူတို့ ရသွားမှာပဲ"

စကားအဆုံးမှာ ရီရီနိုင်က နဖူးကြောလေး ကျုံ့ကာ စဉ်းစား လိုက်ရင်း ...

"ဒါနဲ့ ... ဦးသိုက်စိုးတပည့်တွေထဲမှာ အန်တီ့လူ ရှိတယ်ဆို သူ့ဆီက ဘာသတင်းများ ရသေးလဲ"

ဒေါ်သူဇာက မျက်နှာကို ရွဲ့လိုက်ကာ ...

"အေးလေ ... ညည်းကို သံတော်ဦးတင်ရဦးမှာပေါ့၊ ခုနကပဲ ဒါ့လူဆီက သတင်းရတယ်၊ မုဒါ ဆိုင်ကယ်တစ်စီးနဲ့ တိုက်ခံရမလို့ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာ ဒဏ်ရာရသွားတယ် ... တဲ့"

"ရှင် ... ဒါဆို"

"ဟဲ့ ... စကားမဆုံးသေးဘူး ... ခု မုဒါက ရထားလုံးမောင်းတဲ့ လူငယ် တစ်ယောက်နဲ့ ပါသွားတယ်ဆိုပဲ"

"ဟင် ... အဲဆို"

"အဲဒါပဲလေ ... ဒီတော့ ညည်းတို့လည်း မနက်ဖြန်ကျရင် ရထားလုံးဂိတ်တွေမှာ မုဒါ ဘယ်သူနဲ့ပါသွားပြီး ဘယ်ကိုရောက်နေတယ်ဆိုတာ စုံစမ်းရမယ်၊ ဒါပဲ"

ရီရီခိုင်က မျက်နှာလိုမျက်နှာရ ခေါင်းညိတ်ပြသည်။

"စိတ်ချပါ အန်တီ ... သမီးတို့ ရအောင်စုံစမ်းပါ့မယ်"

ဒေါ်သူဇာက လက်ကာပြရင်း ...

"ခဏလေး ... ခုကြားထားတဲ့သတင်းအရ မုဒါက ဆိုင်ကယ်နဲ့ တိုက်မိပြီး ခေါင်းထိသွားလို့ ဂေါက်တောက်တောက်ဖြစ်နေတယ်လို့လည်း ထပ်သိရတယ်"

"ဒုက္ခပါပဲ ... အဲလိုဆိုတော့"

"ဘာမှမဒုက္ခဘူး၊ ဂေါက်ပါစေ ... တကယ်ဂေါက်သွားတာက အကြောင်းမဟုတ်ဘူး၊ ဒင်း ဂေါက်ချင်ယောင်ဆောင်နေမှ ပိုဆိုးမှာ"

သဘောပေါက်ဟန်နှင့် ရီရီခိုင်က ခေါင်းတဆတ်ဆတ်ညိတ်သည် ပြီး ...

"အဲဒါဆို သမီးတို့ စီအိုင်ဒီ ဆက်တိုက်လို့ရပြီလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အပတီး ... မှားသွားလို့ ဘာဆက်လုပ်ရမှာလဲလို့ မေးတာ"

ဒေါ်သူဇာက မျက်စောင်းကို အဝှုံးလိုက်အတစ်လိုက် ထိုးလိုက်ကာ

"ဘာဆက်လုပ်ရမှာလဲ ... တွေ့အောင်ရှာ၊ စာချုပ်တွေကို ရအောင်ယူ၊ ဒါပဲ"

"ဟုတ်ကဲ့ အန်တီ ... ဟဲ့ ... မိုးမိုး ညည်းလည်း ကြားတယ်နော်"

"ကြား ကြားပါတယ်"

နံဘေးတွင် ငြိမ်နေသည့် တစ်ယောက်က အိပ်ရာမှ နိုးလာသူလို ဖြေသည်။

ဒေါ်သူဇာက နှစ်ယောက်စလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"ပြောတာကို ခေါင်းထဲမှာ ထည့်ထားကြ၊ စီအိုစီပဲ အာရုံရောက်နေနဲ့ မယ်မင်းကြီးမတွေရေ ... ညည်းတို့ကို လစာပေးထားတာက ငါဟဲ့၊ မင်းကုမ္ပဏီက မဟုတ်ဘူး"

ပြောပြီး အခန်းထဲက ထွက်သွားလေသည်။

ဒေါ်သူဇာ ထွက်သွားတော့မှ ရီရီခိုင်က မျက်နှာမဲ့ရင်း ခံစားချက်ကို ဖွင့်ထုတ်လိုက်လေ၏။

"ဒီအဘွားကြီးတော့ ငါ ဒရက်ဂွန် (Dragon) ထုတ်ပြီး တိုက်ပစ်လိုက်ရ"

"ဟဲ့"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဝါး"

အားရပါးရသန်းဝေလိုက်တဲ့ ကျွန်တော့်ကို မဒါက ခပ်စွေစွေ လှမ်းကြည့်တယ်။

တစ်ဆက်တည်းပဲ . . .

"ဝေမိုး . . . ရှင်အိပ်ချင်ရင် သွားအိပ်တော့လေ၊ ကျွန်မ တစ်ဆက်တည်း နေရဲပါတယ်"

မဒါနဲ့စကားအရ ကျွန်တော့်ကို အိမ်ထဲကနေ ထွက်သွားခိုင်းနေပြီဆိုတာ သိလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အိပ်ခန်းထဲဝင်ပြီးစောင်တစ်ထည်ဆွဲယူလိုက်တယ်။

အိမ်ထဲက ထွက်မလာခင် မုဒါကို တစ်ချက်လှမ်းကြည့်ပြီး ...

"မုဒါ ... မင်း ငါ့ခုတင်မှာ သွားအိပ်လို့ရတယ်၊ အဲ ... တစ်ယောက်တည်း အိပ်ရဲတာတော့ သေချာပါတယ်နော်၊ အင်း ... မအိပ်ရဲလည်း အိပ်ရမှာပါပဲ"

ကိုယ့်ဘာသာမေး ကိုယ့်ဘာသာဖြေပြီး ကျွန်တော် ထွက်လာခဲ့လိုက်တယ်။

မုဒါ ကျွန်တော့်နောက်က ကပ်လိုက်လာလို့ ဘာလိုက်လုပ်တာလဲလို့ တွေးမိသေးတယ်။

ကျွန်တော် အိမ်အပြင်ရောက်တော့မှ အတွင်းဘက်ကနေ ...

တံခါးဂျက်ထိုးသံ ကြားလိုက်ရလို့ ... ဩော် ... လို့ပဲ ရေရွတ်လိုက်မိတယ်။

BURMESE CLASSIC

သူ့လုံခြုံရေးတော့ သူသိသားပဲလို့ တွေးမိသေးရဲ့။

အိမ်အပြင်ဘက်မှာတော့ အအေးဓာတ်က သိသိသာသာပိုနေပြီ။

ကျွန်တော်လည်း စောင်ကို ကိုယ်မှာ သိုင်းခြုံလိုက်ရင်း ခြံဝင်းထဲ ရပ်ထားတဲ့ ရထားလုံးဆီကို သွားလိုက်တယ်။

ဒီရက်ပိုင်းမှာတော့ ရထားလုံးဟာ ကျွန်တော့်အိမ်ရာ ဖြစ်ရပြီပေါ့။

ရထားလုံးထဲဝင်ပြီး အိပ်ဖို့အတွက် နေရာယူလိုက်တယ်။

နေရာပြောင်းအိပ်လို့လားတော့မသိဘူး ... တော်တော်နဲ့ အိ



www.burmeseclassic.com

www.burmeseclassic.com


မပျော်ဘဲ မျက်စိတွေ ကြောင်နေတယ်။

အတွေးတွေဟာ ပုံ့လွင့်နေတယ်။

ကျွန်တော်ဟာ ဘာဖြစ်လို့များ မုဒါလို ဘာမှန်းမသိတဲ့ မိန်းကလေး တစ်ယောက်ကို အိမ်မှာ လက်ခံထားမိလည်း မသိဘူး။

သနားတာကြောင့် ဖြစ်မယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အဖြေပေးမိ တယ်။

ပြီးတော့ . . .

မုဒါကို ကြည့်ရတာ စိတ်ကစဉ့်ကလျားဖြစ်နေရင်တောင် အမျိုး ကောင်းသမီးဖြစ်မယ်လို့ ယူဆတာကြောင့်လည်း ဖြစ်နိုင်တယ်။

မိန်းကလေးတစ်ယောက်တည်း ဦးတည်ရာမဲ့ လျှောက်သွားနေမှာ ကို မလိုလားတာလည်း ဖြစ်နိုင်တယ်။

ထားတော့။

ကျွန်တော့်ကို မေးလာရင်တော့ မုဒါကို ခဏတာ လက်ခံထားတဲ့ အပေါ် ဖြေစရာအဖြေတွေ အများကြီးပဲ။

ဘာပဲဖြစ်ဖြစ် နောက်နေ့တွေကျရင်တော့ မုဒါရဲ့အုပ်ထိန်းသူတွေ ကို ပြင်ဦးလွင်မှာ စုံစမ်းရမှာပဲ။

တကယ်လို့ တွေ့ခဲ့ရင်လည်း အကြောင်းကြားပေးရမှာပဲ။ ကျွန်တော် လုပ်သင့်တဲ့ကိစ္စတွေကို လုပ်ရမှာပါ။

ခုလောလောဆယ်တော့ ဦးတည်ရာမဲ့ဖြစ်နေတဲ့ . . .၊ စိတ်မမှန်တဲ့ ကောင်မလေးတစ်ယောက်ကို လူသားဆန်စွာ ကျွန်တော် ကူညီလိုက်ခြင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။

ကျွန်တော့်အတွေးတွေဟာ အအေးဓာတ်နဲ့အတူ ပိုပြီး ဝေ့ဝေ့အူအူ ဖြစ်လာတယ်။

ကျွန်တော် အိပ်ပျော်နိုင်ပါ့မလား။

ဒီအချိန် မုဒါတစ်ယောက် နှစ်ခြိုက်စွာ အိပ်စက်နေလောက်ပြီပေါ့။ သူ အိပ်မက်ဆိုးတွေများ မက်နေဦးမလား။

အို ... ကျွန်တော် သူ့အပေါ် လိုတာထက်ပိုပြီး စိုးရိမ်နေမိပြီလား။

■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အလယ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အဘိုးဖြစ်သူ ဦးကျော်သာဆုံးပြီး ရက်လည်သည့်နေ့အထိ မုဒါ ...ာ်ဝန်းထဲ မျက်ရည်စတွေက မခြောက်သေးပါ။

သူမအတွက် တစ်ဦးတည်းသောအားကိုးရာဖြစ်သည့် အဘိုးမရှိ ...ော့ပြီ။

ရွှေတောင်ကြီး လဲပြိုခဲ့ပြီ။

ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာပဲ ဆွေမျိုးရင်းဖြစ်သည့် ...လေးဦးသိုက်စိုးနှင့်အဒေါ် ဒေါ်သူဇာတို့က ပြောလာ၏။

ဒေါ်သူဇာက အရင် ...



www.burmeseclassic.com

www.burmeseclassic.com



"မုဒါ ...ညည်း အဲလောက်အထိ ငိုပြမနေနဲ့၊ ငါတို့လည်း အဖေရဲ့သမီးတွေပါဟဲ့၊ တော်ကြာ ... အဖေတစ်ယောက်လုံးဆုံးတာကို ငါတို့က ဝမ်းမနည်းဘူးလို့ လူတွေက ထင်နေဦးမယ်"

"အဲလို မပြောပါနဲ့ ဒေါ်လေးရယ် ... သမီးက ..."

မုဒါစကားက မဆုံးလိုက်ချေ။

ဦးသိုက်စိုးက ဝင်ပြောပြန်၏။

"ဟာ ... ဆုံးတဲ့လူက ဆုံးသွားပြီ၊ ခုလို ငိုနေလို့၊ ပြောနေလို့လည်း အဖေက ပြန်ရှင်လာမှာ မဟုတ်ဘူး၊ ဒီတော့ အဖေထားခဲ့တဲ့ ကုမ္ပဏီနဲ့ ကျန်တဲ့ပိုင်ဆိုင်မှုတွေကို အမွေခွဲမှ ဖြစ်မယ်၊ ခုရှုပ်မှ နောင်ရှင်းပဲ"

"သိပ်သေချာတာပေါ့ ကိုသိုက်စိုး၊ ကျွန်မကလည်း ရှင့်ထက် တောင် မြန်ချင်သေးတယ်"

ဦးသိုက်စိုးနှင့်ဒေါ်သူဇာက မောင်နှမအရင်းပင်ဖြစ်သော်ငြား အစေးကပ်လှသည်မဟုတ်။

ထို့ကြောင့်လည်း ဒေါ်သူဇာက မြန်လေကောင်းလေဟု ဝင်ပြော လိုက်ခြင်း ဖြစ်သည်။

ဦးသိုက်စိုးကပဲ စဉ်းစားလျက် ...

"အင်း ... တစ်ခုတော့ရှိတယ်၊ အဖေက ဘယ်သူ့ကို ဘယ် လောက်ပေးခဲ့တယ်ဆိုတာကိုတော့ ရှေ့နေကြီးဆီမှာ ပေးထားခဲ့တဲ့ သူ့ရဲ့ သေတမ်းစာကိုကြည့်မှ သိနိုင်မှာ"

"အဲဆိုလည်း ရှင်းနေတာပဲလေ ... နောက်နေ့ကျရင် ရှေ့နေကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းနောင်နဲ့ ချိန်းလိုက်ပေါ့၊ အားလုံးရှေ့မှာပဲ အဖေ့ရဲ့သေတမ်းစာကို ဖွင့်ဖတ်ကြမယ်လေ၊ မကောင်းဘူးလား''

ဒေါ်သူဇာစကားအဆုံးမှာ မုဒါက လက်ကာပြ၍ ဝင်ပြောလိုက်သည်။

''ခဏ ... ခဏ ... နေကြပါဦး ဦးလေးနဲ့ဒေါ်လေးတို့ရယ်၊ ဘိုးဘိုးဆုံးလို့ ခုမှ ရက်လည်ရုံပဲ ရှိသေးတာလေ၊ ဒီအချိန် ... အမွေခွဲမယ်ဆိုရင် သင့်တော်ပါ့မလား၊ ပတ်ဝန်းကျင်က ပြောစရာဖြစ်နေမလားလို့''

''ဟာ ... ကိုယ့်ထမင်း ကိုယ်စားနေတာကွ၊ ငါတို့က ဘယ်ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှာလဲ''

ခပ်မာမာပြောလိုက်သော ဦးသိုက်စိုး၏စကားအဆုံးမှာ ဒေါ်သူဇာကသည်း ခနဲ့တဲ့တဲ့ လေသံဖြင့် ...

''ဘာလဲ မုဒါ ... ညည်းအဖေ ငါတို့အစ်ကိုက အဖေသဘောမတူတဲ့ မိန်းမကိုယူပြီး ညည်းကို မွေးလာလို့ အမွေမရမှာ စိုးရိမ်နေတာလား၊ ဟင်း ဟင်း ... ညည်းအတွက် အဖေက အမွေမပေးထားခဲ့လည်း ငါတို့မောင်နှမကိုယ်တာထဲက နည်းနည်းတော့ ပေးမှာပါဟယ်''

''အေးလေ ... နင် ဆေးကုဖို့လောက်တော့ ပေးမှာပါဟ''

မုဒါတွင် နှလုံးရောဂါရှိနေသည်ကို သိထားကြသည်မို့ နှစ်ယောက်လုံးက ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းနေသည့်ကြားက မုဒါ ဒေါသထွက်သွားရပြီး ...

"ဒီမှာ ဦးလေးနဲ့ဒေါ်လေး ... သမီး ခုလိုတားနေ၊ ပြောနေတာ အမွေကိစ္စကြောင့် မဟုတ်ပါဘူး၊ ဘိုးဘိုး ဘယ်သူ့ကို ဘယ်လောက်ပေး ခဲ့ပေးခဲ့ သမီးအနေနဲ့ ကန့်ကွက်စရာလည်း မရှိဘူး၊ သမီးရဲ့အဖေနဲ့အမေ ကို မကျေနပ်လို့ ဘိုးဘိုးက သမီးအတွက် ဘာမှမပေးထားခဲ့လည်း သမီး ကျေနပ်တယ်၊ ခုဟာက ဦးလေးတို့လုပ်နေပုံက လူပြောစရာ၊ လူကဲ့ရဲ့စရာ ဖြစ်နေလို့ တားကြည့်တာပါ၊ ရှင်းရှင်းပဲပြောမယ် ... ဘိုးဘိုးက သမီးအတွက် ဘာမှမပေးထားခဲ့ရင်တောင် ဦးလေးတို့ဆီက ပေးစာကမ်းစာကို မျှော်လင့် မနေပါဘူး၊ ပြောချင်တာ ဒါပါပဲ၊ ဦးလေးတို့ လုပ်ချင်သလိုသာ ဆက်လုပ် ကြပါ"

ပြောပြီး မုဒါ ထထွက်လာခဲ့သည်။

ဦးသိုက်စိုးနှင့် ဒေါ်သူဇာ ဘယ်လိုဖြစ်ပြီး ကျန်ခဲ့မည်ကို မသိတော့ သိလည်း မသိချင်တော့ချေ။

အိပ်ခန်းထဲသို့ ပြေးဝင်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

ငိုလို့ဝတော့မှ ဦးကျော်သာ၏စာတိပုံကိုကြည့်ကာ ကျေးဇူးရှင် အဘိုးကို စိတ်ထဲက ရည်မှန်း၍ ကန်တော့လိုက်ပါ၏။

အဘိုးကို ဦးသုံးကြိမ်ချပြီးသည့်အချိန်မှာပဲ တမလွန်မှ အဘိုး၏ သူမအား နားနားကပ်၍ ပြောလိုက်သလို ...

လုပ်ဆောင်သင့်သည့်ကိစ္စတစ်ခုအား မုဒါ ဉာဏ်အလင်းရသွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှဒါ မျက်ရည်တွေကြားမှ မာန်တင်း၍ အားရပါးရပြုံးလိုက်မိလေ
ည်

ထိုသို့ဖြင့် ...။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အန်ကယ် ဦးထွန်းနောင် ... အန်ကယ် ဦးထွန်းနောင်"

အိမ်ရှေ့ဆီမှ ခေါ်သံတစာစာကြောင့် ... ဧည့်ခန်းအတွင်း စာထိုင်ဖတ်နေသည့် ရှေ့နေကြီး ဦးထွန်းနောင်တစ်ယောက် ဆတ်ခနဲဖြစ်သွားရသည်။

အိမ်ရှေ့ဆီ ထွက်ကြည့်လိုက်တော့ ...

ကွယ်လွန်သွားပြီဖြစ်သည့် သူ့မိတ်ဆွေ ဦးကျော်သာ၏မြေးမလေးကို တွေ့လိုက်ရသဖြင့် သံဘာဂျာတံခါးကို ဖွင့်ပေးလိုက်ရင်း ...

"ဩော် ... သမီးမှုဒါပါလား၊ လာလေကွယ် အိမ်ထဲကို"



www.burmeseclassic.com

www.burmeseclassic.com



မုဒါက ခေါင်းညိတ်ရင်း အိမ်ထဲဝင်လာပါသည်။

ဦးထွန်းနောင်က မုဒါထိုင်ရန် ခုံတစ်ခုံဆီ မေးဆတ်ကာ ညွှန်ပြရင်းက ...

"ထိုင်လေ သမီး ... ဒါနဲ့ ကိစ္စက"

မုဒါက ပြုံးပြလိုက်ရင်း လေးလေးစားစားလေသံလေးဖြင့် ...

"ဒီလိုပါ အန်ကယ်၊ ဒီနေ့နေ့လယ် တစ်နာရီမှာ ဘိုးဘိုးရဲ့သေတမ်းစာနဲ့ အမွေကိစ္စအတွက် သမီးတို့မိသားစုနဲ့ အန်ကယ်တွေ့ဖို့ ချိန်းထားတာလေ"

စကားမဆုံးခင်မှာပဲ ဦးထွန်းနောင်က ခေါင်းညိတ်ပြကာ ...

"သိပါတယ် သမီးရဲ့ ... အန်ကယ် မမေ့ပါဘူး၊ ဟောဟိုမှာ စာရွက်စာတမ်းတွေတောင် အကုန်လုံး အတာချီကေ့စ်ထဲ ထည့်ထားပြီးပြီ"

ပြောရင်းပင် ဦးထွန်းနောင်က ဧည့်ခန်းထောင့်ရှိ သူ့အလုပ်စားပွဲပေါ်တွင် တင်ထားသော အတာချီစ်ကေ့ကို မေးဆတ်ပြလိုက်၏။

မုဒါက ...

"ဟုတ်ပါတယ် အန်ကယ် ... ဒါပေမဲ့ ဦးလေးနဲ့အခေါ်ကလေ ဘိုးဘိုးအတွက် အလှူတစ်ခု သွားလုပ်ချင်လို့ ဒီနေ့ စောစောတွေ့လိုက်လို့ ဖြစ်မလားတဲ့"

ဦးထွန်းနောင်က တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဖြစ်တာတော့ ဖြစ်ပါတယ် သမီးရဲ့၊ ဒါနဲ့ စောစောဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်လောက်လဲ မသိဘူး''

''အခုပဲ အန်ကယ်''

''ဟင်''

အံ့ဩသွားသော ဦးထွန်းနောင်ကိုကြည့်ကာ မုဒါက . . .

''ဩော် . . . ဒီလိုပါ အန်ကယ်၊ ဦးလေးတို့က အန်ကယ်အဆင်ပြေမယ်ဆိုရင် သမီးနဲ့အတူ တစ်ခါတည်း ခေါ်လာခဲ့ဖို့ မှာလိုက်လို့ပါ၊ သမီးမှာ အားပါပါတယ်၊ အန်ကယ် တစ်ခါတည်း လိုက်ခဲ့ပေးလို့ အဆင်ပြေမလား မသိဘူး''

စကားဆုံးတော့ ဦးထွန်းနောင်က မတတ်သာသည့်ပုံစံဖြင့် လေပူတစ်ချက် မှုတ်ချလိုက်ကာ . . .

''အင်း . . . ဖြစ်တာတော့ ဖြစ်ပါတယ်ကွယ် . . .၊ ကိစ္စတစ်ခုပြီးသွားတာပေါ့၊ အန်ကယ် သမီးနဲ့ လိုက်ခဲ့မယ်လေ၊ အဲ . . . ခဏတော့ စောင့်ပေးဦး၊ အန်ကယ် အဝတ်အစားလဲလိုက်ချင်လို့''

ထိုစကားကြောင့် မုဒါ ဝမ်းသာအားရပုံစံလေးဖြင့် . . .

''လုပ်ပါ အန်ကယ် . . . လုပ်ပါ၊ အေးအေးဆေးဆေးလုပ်ပါ၊ သမီး စောင့်နေပါ့မယ်''

ဦးထွန်းနောင် ခေါင်းညိတ်ပြကာ အိမ်ထဲသို့ ဝင်သွားသည်။

မုဒါလည်း ထိုင်နေရာမှ ဆတ်ခနဲထရပ်ကာ စားပွဲပေါ်တွင် အသင့်ရှိနေသော ဦးထွန်းနောင်၏အစာချိုကေ့စ်ကိုယူကာ အိမ်ထဲမှ ခပ်သွက်သွက် ထွက်လာခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ရောက်ရောက်ချင်းပဲ တက်စီးတစ်စီးကိုတားကာ ကားထဲ ဝင်ထိုင်လိုက်ရင်း ရေးကြီးသုတ်ပျာပုံစံဖြင့် ပြောလိုက်ပါသည်။

"အဝေးပြေးဂိတ်ကို သွားချင်လို့"

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

မနက်အိပ်ရာက နိုးနိုးချင်း ရထားလုံးထဲရောက်နေလို့ ကြောင် ဆောင်တောင် ဖြစ်သွားရသေးတယ်။

ငါ ဘယ်လိုဖြစ်ပြီး ဒီရထားလုံးထဲ လာအိပ်နေရတာလဲပေါ့။

ပြီးမှ ပြန်တွေးရင်း ပြုံးမိတယ်။ အိမ်ပိုင်ယာပိုင်ရှိလျက်နဲ့ ရထား လုံးထဲ လာအိပ်နေရတဲ့ဘဝ။

ရထားလုံးထဲက အပြင်ထွက်ပြီး အကြောအချဉ်ဆန့်ရတယ်။

မုဒါကို သတိရလို့ အိမ်ဘက်ဆီသွားကြည့်မိသေးရဲ့။ အိမ်ထဲက ဘာသံမှ မကြားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးဟာ အတွင်းဘက်ကနေ ဂျက်ထိုးထားသေးတယ်။

ကြည့်ရတာ မယ်မင်းကြီးမလေး စက်တော်ခေါ်နေသေးတယ်နဲ့ တူရဲ့။

ပြောသာပြောရတာ မနက်ခင်းဟာ ဝေလီဝေလင်းပဲ ရှိသေးတယ်။

ပြင်ဦးလွင်ရဲ့နှင်းတွေဟာ နေရာအနှံ့မှာ ဝေနေတုန်း။ အအေး ဓာတ်ခံရှိတဲ့ မြို့လေးဟာ လူတွေကို အိပ်စက်စေတုန်းပေါ့။

ရထားလုံးကို သန့်ရှင်းရေးလုပ်၊ မြင်းကိုလည်း အစာကျွေးလိုက် တယ်။

အားလုံးပြီးစီးသွားတော့မှ ရထားလုံးနဲ့ ထွက်လာခဲ့လိုက်တယ်။

ထိုင်နေကျ လက်ဖက်ရည်ဆိုင်ရောက်တော့ ဇော်ဦးက ရောက်နေ ပြီ။

စားစရာတွေတောင်မှ ယူမှိုဆို့နေပြီ။

"ဟော့ကောင် ဝေမိုး ... ညက အခြေအနေ ဘယ်လိုလဲ"

ကျွန်တော်လည်း စားစရာတွေမှာယူစားသောက်ရင်း ညက ရထား လုံးပေါ်မှာပဲ အိပ်ဖြစ်ခဲ့တဲ့အကြောင်း ပြန်ပြောပြလိုက်တယ်။

"မင်းကွာ အဖြစ်ဆိုးလိုက်တာ"

"ဘာကွ"

"ဟုတ်တယ်လေ ... ကိုယ့်အိမ်ပေါ် သူစိမ်းကိုတင်ပြီး ရထားလုံး ထဲမှာ သွားအိပ်ရတာ အဖြစ်ဆိုးတာပေါ့ကွ"

"မင်းကလည်း သူက မိန်းကလေးလေကွာ၊ ရထားလုံးထဲမှာ အိပ် ခိုင်းလို့ ကောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဇော်ဦးလည်း ဘာမှထပ်မပြောတော့ဘဲ ငြိမ်သွားတယ်။

"မင်း မုဒါနဲ့ ပတ်သက်ပြီး ဘာဆက်လုပ်မှာလဲ ဝေမိုး"

အတန်ကြာမှ ဇော်ဦးပြောလာတဲ့ စကားကြောင့် ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ခေါင်းထဲမှာ စဉ်းစားထားတဲ့အတိုင်း ပြန်ပြောလိုက်သေးတယ်။

"အင်း ... လုပ်စရာကတော့ ပြင်ဦးလွင်မှာရှိတဲ့ ဟိုတယ်တည်းခိုခန်းတွေမှာ မုဒါနဲ့ပတ်သက်တဲ့လူတွေ ရှိမလား လိုက်ရှာရမှာပေါ့၊ တွေ့ရင် အဲဒါကို ပြန်အပ်ရမယ်လေ"

"အေး ... ဟုတ်သားပဲ"

"ဟုတ်သားပဲ လုပ်မနေနဲ့၊ မင်းလည်း ကူရှာပေးလေ၊ ကူညီပါဦးကွာ ... နော် ဇော်ဦး"

အဲလိုပြောပြီး အကူအညီတောင်းလိုက်တော့ ဇော်ဦးက ပြန်ကြည့်လာတယ်။

ဒင်းကြည့်လာပုံက တစ်မျိုးကြီး ဖြစ်နေလို့ ကျွန်တော်က ...

"ဟော့ကောင် ... မင်းက ဘာကြည့်တာလဲ"

ဇော်ဦးက ခွီးခနဲ ရယ်တယ်။ ပြီးမှ ...

"ဩော် ... ဘာမှမကြည့်ပါဘူး၊ မင်း မုဒါနဲ့ပတ်သက်ပြီး တော်တော်လေး အားစိုက်နေတာပဲလို့ တွေးမိလို့ပါ"

"မိန်းကလေးတစ်ယောက်ကို ကူညီရုံသက်သက်ပါကွာ"

ကျွန်တော့်ဆင်ခြေစကားဟာ မလုံလောက်မှန်း ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်။ ဒါပေမဲ့ ဆက်ပြောမနေတော့ပါဘူး။ ဖော်ဦးကလည်း ဆက်မမေးတော့ဘူးလေ။

"အေးလေ . . . မင်းအတွက်ဆိုတော့လည်း ကူညီရတာပေါ့၊ မင်းနဲ့ ငါ မြို့ရဲ့တစ်ခြမ်းစီ ရှာကြတာပေါ့ ဝေမိုး"

အဲဒီလို သဘောတူပြီး လက်ဖက်ရည်ဆိုင်ကနေ ကျွန်တော်တို့ လမ်းခွဲလိုက်ကြတယ်။

အုံ့ဆိုင်းနေတဲ့ မြူတွေ ရှင်းလင်းပြီး ပြင်ဦးလွင်ဟာ လင်းကျင်း အသက်ဝင်လာပါပြီ။

ဟော . . . ဟိုက မြက်ပင်ဖျားပေါ်မှာတော့ နှင်းစက်တွေ စိုလက် တောက်ပနေတုန်း။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မနက်ခင်းတစ်ပိုင်းသာ ကုန်သွားတယ်။ ကျွန်တော်လိုက်ရှာခဲ့တဲ့ မြို့တစ်ခြမ်းက ဟိုတယ်၊ တည်းခိုခန်းတွေမှာလည်း မုဒါနဲ့ပတ်သက်နေသူ တွေရဲ့သတင်းမရဘူး။

ထပ်ရှာစရာ ဟိုတယ်၊ တည်းခိုခန်းတွေ ရှိသေးပေမယ့် နေက ခေါင်းလေး ပူလာပြီမို့ ခဏနားဖို့ ဆုံးဖြတ်လိုက်တယ်။

အိမ်ဘက်ကို ပြန်လာခဲ့ရင်း အိမ်နားရောက်မှ ဗိုက်က ဆာလာတာ နဲ့ မုဒါကို သတိသွားရတယ်။

ဟာင် . . . သူ တစ်မနက်လုံး ဘာမှစားဖြစ်မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာနေလောက်ရောပေါ့။

ခုမှတွေးမိရင်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသွားတယ်

မတတ်နိုင်တော့ဘူး။ အိမ်နားပဲ ရောက်နေပြီ။

ပြီးမှ စားစရာတစ်ခေါက် ထွက်ဝယ်တော့မယ်လို့ တွေးပြီး အိမ်ခြံ

ဝင်းထဲကို ရထားလုံး မောင်းဝင်လာခဲ့တယ်။ မုဒါကို အားနာမိတာတော့

အမှန်ပဲ။

အိမ်တံခါးဝဟာ မနက်စောစောတုန်းကလို မဟုတ်ဘဲ ပွင့်နေပါ

တယ်။

အိမ်ထဲ လှမ်းဝင်လိုက်တော့ မွှေးပျံ့တဲ့ ဟင်းနံ့တစ်ခုကို ရှူရှိုက်မိ

တယ်။

ဘာလဲဟ။

ကျွန်တော့်အိမ်လေးနဲ့ ဟင်းချက်တဲ့ ရနံ့ဆိုတာ အမေမရှိတော့

ကတည်းက ဝေးကွာခဲ့တာပါ။

ခုတော့ . . . ။

ကျွန်တော် တွေးနေတုန်းမှာပဲ အိမ်နောက်ဘက်ဆီကနေ မုဒါ

ထွက်လာပါတယ်။

ကျွန်တော့်ကိုလည်း ခပ်ပြုံးပြုံးကြည့်ပြီး . . .

"ဩော် . . . ရှင် ပြန်လာပြီလား၊ ထမင်းစားတော့မယ်ဆို ပြော

နော်၊ ကျွန်မ ခူးပေးမယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ အံ့ဩပျော်ရွှင်သွားတာတော့ ဝန်ခံရလိမ့်မယ်။

ကျွန်တော်က . . .

"မုဒါ . . . မင်း ထမင်းဟင်းတွေ ချက်ထားတာလား"

အရေးမကြီးတဲ့ပုံစံလေးနဲ့ မုဒါက ပေါ့ပေါ့ပါးပါး ဖြေလာတယ်။

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး . . . မင်း ဒီလိုတွေ ချက်ထားတော့ အံ့ဩသွားလို့ပါ"

"အာ . . . ဘာအံ့ဩစရာရှိလဲ၊ ထမင်းဟင်းချက်မလို့ကြောင့်ပဲ၊ ရှင်နဲ့ ဆန်တို့, ဘာတို့မှာလိုက်တာလေ၊ အရူးမှမဟုတ်တာ၊ ထမင်းနဲ့ဟင်းဆိုတော့ ချက်တတ်တာပေါ့"

"ဟာ"

ကျွန်တော် နင်တင်တင်ဖြစ်သွားရတယ်။

သူပြောပုံအရဆိုရင် ထမင်းဟင်းမချက်တတ်တဲ့ ကိုယ်က အရူးဆုံးလုံးဖြစ်ရောပဲ။

"ကဲပါ . . . ရှင် ရေချိုးရင် ချိုးလိုက်၊ ပြီးရင် ထမင်းလာစား"

ပြောပြီး မုဒါ အိမ်နောက်ဘက်ထဲ ပြန်ဝင်သွားတယ်။

အလဲ့ . . . ဘယ်ဆိုးလို့လဲ။

အိမ်ရှင်မ ကျနေတာပဲ။ ကျွန်တော် အားမနာ လျှာမကျိုး တွေးပြီး ရေသွားချိုးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အတူတူမျက်နှာချင်းဆိုင် စားရတာမဟုတ်ပေမယ့် မုဒါရဲ့လက်ရာက အတော်စားလို့ကောင်းပါတယ်။

ဘဲဥချဉ်ဟင်းတစ်ခွက်နဲ့တင် ထမင်းနှစ်ပန်းကန် တီးပစ်လိုက်တယ်။

"ရှင် . . . ရထားလုံးမောင်းရဦးမှာမလား။ သွားတော့လေ၊ ကျွန်မလည်း စားသောက်ပြီး တစ်ရေးလောက်မှေးမလို့"

"ဟင် . . . အဲ . . . အေး . . . အေး . . . အဲလိုဆိုလည်း ငါ သွားတော့မယ်"

နင်စပ်စပ်နဲ့ ပြောပြီး ထွက်လာခဲ့ရတယ်။

ဘယ်လိုဟာမလေးလည်း မသိဘူး . . . ကျွန်တော့်ကို သူ့ယောက်ျားကျနေတာပဲ။

ကျွန်တော် ကျူးကျူးကျော်ကျော် တွေးလိုက်မိတယ်။

ရထားလုံးနဲ့ ယောင်လည်လည် ထွက်လာခဲ့ပြီး နောက်မှာတော့ မနက်ပိုင်းက မရှာဖြစ်သေးတဲ့ ဟိုတယ်၊ တည်းခိုခန်းတွေဆီသွားဖို့ ကျွန်တော် စဉ်းစားလိုက်မိပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဟိုတယ်၊ ဟည်းခိုခန်းတွေဆီ လိုက်ရှာရင်းနဲ့ ကျွန်တော် ဘဝင်မကျ ဖြစ်လာမိတယ်။

မုဒါနဲ့ ပတ်သက်သူတွေ၊ အုပ်ထိန်းသူတွေဟာ ပြင်ဦးလွင်မှာ တည်းဘဲ မန္တလေးမှာ တည်းတာလားလို့တောင် အတွေးပေါက်လာတယ်။

ဟုတ်တယ်လေ။

ကျွန်တော် လိုက်ရှာခဲ့တာလည်း မြို့ရဲ့တစ်ခြမ်းမှာ ဟိုတယ်၊ ဟည်းခိုခန်းတွေ စုံနေပြီ။

မုဒါနဲ့ ပတ်သက်တဲ့သူဆိုလို့ အစအနတောင် မတွေ့မိသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးကို လမ်းဘေးခဏချရပ်ပြီး နားနေတဲ့အချိန်မှာပဲ ဖုန်းဝင်လာတယ်။

ဇော်ဦးဆီက။

ကျွန်တော် ဖုန်းဖွင့်ကိုင်ရင်း မေးလိုက်တယ်။

"အေး ... ဇော်ဦး ဘာထူးလဲကွ၊ မုဒါနဲ့ ပတ်သက်တဲ့လူတွေ တွေ့ပြီလား"

ဇော်ဦးက အရေးကြီးနေတဲ့လေသံနဲ့ ခပ်မြန်မြန် ပြန်ပြောလာတယ်။

"ဟေ့ကောင် ... ဘာမှဆပ်မေးမနေနဲ့တော့၊ မင်းအိမ်ကိုသာ ပြန်ခဲ့လိုက်၊ ဒီမှာ ပြဿနာတက်နေပြီ"

"ဟာ ... ဟေ့ကောင်"

ကျွန်တော် ပြန်ပြောဖို့ ဟန်ပြင်လိုက်ပေမယ့် ဇော်ဦးက ဖုန်းချသွားပြီ။

ထပ်ခေါ်ကြည့်ပေမယ့် ဖုန်းလိုင်းက မအားတော့တာမို့ ကျွန်တော် အိမ်ကိုပဲ ဒုန်းစိုင်းပြန်လာခဲ့လိုက်တယ်။

အိမ်ရှေ့ ခြံဝင်းရဲ့အပြင်ဘက်မှာ အမျိုးအစားမတူတဲ့ ကားအကောင်းစားနှစ်စီး ရပ်ထားတယ်။

လမ်းတစ်ဖက်အခြမ်းစီမှာ မျက်နှာချင်းဆိုင်အနေအထားနဲ့ ရပ်ထားကြတာ။

ကျွန်တော်လည်း ရထားလုံးကို ခြံဝင်းထဲ မောင်းဝင်နေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဘေးမှာရပ်ပြီး ဆင်းလျှောက်လာခဲ့တယ်။

ကျွန်တော့်ကိုမြင်တော့ ဇော်ဦးက ပြေးလာတယ်။ အနားရောက်တော့ . . .

"ဟော့ကောင် ဝေမိုး . . . လာလာ"

ဇော်ဦး လက်ဆွဲခေါ်လို့ အိမ်ခြံဝင်းထဲကို ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။

ခြံဝင်းထဲရောက်တော့ လူအချို့ကို တွေ့လိုက်ရတယ်။ လူအချို့ ဆိုပေမယ့်လည်း အုပ်စုနှစ်စုဆိုတာ သိသာလှပါတယ်။

ဇော်ဦးက အဲဒီလူအုပ်စုဆီကို ဝေ့ကြည့်ပြီး . . .

"ဒီမှာဗျ . . . ခင်ဗျားတို့စောင့်နေတဲ့ ဒီအိမ်ပိုင်ရှင် ဝေမိုးဆိုတာ သူပဲ"

ချက်ချင်းဆိုသလို အဲဒီအုပ်စုနှစ်စုလုံး ကျွန်တော့်နားကို တိုးကပ် လာကြတယ်။

အုပ်စုတစ်စုမှာ ခေါင်းဆောင်က ယောကျ်ားကြီးဖြစ်သလို နောက် အုပ်စုတစ်စုရဲ့ခေါင်းဆောင်သူက အမျိုးသမီးကြီး။

နှစ်ယောက်စလုံးက ကျွန်တော့်ကို ဇစ်စတင်းကဒ်တစ်ကဒ်စီ အပြိုင်ထုတ်ပေးရင်း စကားဆိုလာတယ်။

"မင်္ဂလာပါ မောင်ဝေမိုး . . . အန်ကယ်က လူကြီးမင်းများ ကုမ္ပဏီ ရဲ့ဒါရိုက်တာ သိုက်စိုးပါ"

နောက်ထပ်အမျိုးသမီးကြီးကလည်း . . .

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ် သားရေ ... အန်တီကလည်း လူကြီးမင်းများကုမ္ပဏီရဲ့ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ပါပဲ၊ အန်တီက သူဇာပါ"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါနဲ့ ကျွန်တော့်ကို တွေ့ချင်တာက ဘာကိစ္စလဲ မသိဘူး"

နှစ်ယောက်စလုံး မျက်နှာတည်သွားကြတယ်။ ဒေါ်သူဇာက အရင် ပြောလာတယ်။

"ဒီလိုပါ သားရေ ... ခု သားအိမ်မှာ ခေါ်ထား၊ အဲ ... ကူညီထားတဲ့ မုဒါဆိုတာ အန်တီတို့ရဲ့တူမလေးပါ၊ ခု သူ့ကို လာခေါ်တာပါ"

စကားအဆုံးမှာ ဦးသိုက်စိုးကလည်း ...

"ဟုတ်တယ်ကွ ... မုဒါဆိုတာ အန်ကယ့်တူမပဲ၊ ခု သူ ဘယ်မှာလဲ"

ကျွန်တော် သိပ်မရှင်းလို့ လက်ကာပြရင်း အရင်ပြန်မေးရတယ်။

"ခဏနေကြပါဦးဗျ ... အန်ကယ်နဲ့ အန်တီနှစ်ယောက်စလုံးက မုဒါကို တူမလို့ ပြောနေကြတယ် ... အန်ကယ်တို့က"

"စပ်ရင်တော့ မောင်နှမပေါ့ကွာ"

ဦးသိုက်စိုးစကားကြောင့် ကျွန်တော်က ...

"ဪ ... အတူတူပဲပေါ့"

"မတူဘူး ... မောင်နှမဆိုပေမယ့် တခြားစီပဲ၊ ကိုယ့်စီးပွားနဲ့ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာက ဝင်ပြောလိုက်တာပါ။ ကျွန်တော် ခေါင်းကုတ်လိုက်မိတယ်။

ကျွန်တော့်ပုံစံကိုကြည့်ပြီး ဦးသိုက်စိုးက ...

"ကဲပါ ... မင်းလည်း ဦးနှောက်စားမနေပါနဲ့၊ အန်ကယ်တို့တူမ မုဒါ ခုဘယ်မှာလဲ၊ သူ့ကို ပြန်လာခေါ်တာ"

"ဟုတ်တယ် သားရဲ့၊ မုဒါဆီမှာ ဟို အတာချီကေ့စ်တစ်ခုလည်း ပါလာတယ်မလား။ ခု သူ ဘယ်မှာလဲဟင်"

ကျွန်တော်က အိမ်ဘက်ကို မေးငေါ့ပြရင်း ...

"အိမ်ထဲမှာပဲ ရှိမှာပေါ့ဗျ။ ခင်ဗျားတို့တူမ"

"မရှိဘူး"

"မရှိဘူး သားရဲ့၊ အန်တီတို့ ကြည့်ပြီးပြီ၊ အတာချီကေ့စ်လည်း မတွေ့ဘူး"

"ဟင်"

ကျွန်တော် အံ့သြသွားရတယ်။

တစ်ဆက်တည်းပဲ ခေါင်းခါပြရင်း ...

"အဲလိုဆိုရင်တော့ ကျွန်တော်လည်း မသိတော့ဘူးဗျ။ ကျွန်တော့်အိမ်က ထွက်လာတော့ သူ့အိမ်မှာ ရှိနေတာပဲလေ"

"ဟာ ... မင်း အဲလိုပြောလို့တော့ မရဘူးလေ၊ မင်းက မုဒါကို လက်ခံပြီး ခေါ်ထားတာပဲဥစ္စာ"

ဦးသိုက်စိုးစကားကြောင့် ကျွန်တော် နည်းနည်း တင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အန်ကယ် . . . ကျွန်တော် မုဒါကို လက်ခံပြီး ခေါ်ထားတယ် ဆိုတာ မှန်တယ်၊ အဲဒါကလည်း သူ သွားစရာနေရာမရှိလို့ . . .၊ ဘယ်ကို ပို့ပေးရမလဲ မေးတော့လည်း မေးလို့မရလို့ ခေါ်ထားတာဗျ။ အိမ်မှာ သေချာ ပေါက်ရှိနေရအောင် သူ့ကို ကျွန်တော် ချုပ်ထားတာ မဟုတ်ဘူး"

ကျွန်တော့်လေသံကြောင့် ဦးသိုက်စိုး ဖြုံသွားပုံရတယ်။ လေပြေ လေးနဲ့ ပြန်ပြောလာတယ်။

"စိတ်မဆိုးပါနဲ့ကွာ၊ အန်ကယ်တို့ကလည်း မုဒါကို မတွေ့တော့ စိတ်ပူပြီး မေးမိတာပါ"

"ရှင်ကိုက အပြောမတတ်တာ . . . အေးဆေးမေးမှပေါ့"

"ငါ သိပါတယ် သူဇာရာ၊ နင် မရှုပ်ပါနဲ့"

အရေးထဲ သူတို့မောင်နှမနှစ်ယောက်က အချေအတင်ဖြစ်နေကြ သေးတယ်။

ကျွန်တော်ကပဲ . . .

"ခဏနေကြပါဦးဗျ . . . ခင်ဗျားတို့တူမ မုဒါခေါင်းထိပြီး နည်းနည်း လွတ်နေတာကော သိကြရဲ့လား"

နှစ်ယောက်စလုံး မျက်နှာပျက်သွားကြတယ်။ ဒေါ်သူဇာက စိတ်ပူ သလိုလိုပုံစံနဲ့ . . .

"ဟင် . . . အဲဒါဆိုရင်တော့ ဒုက္ခပါပဲ၊ သူယူသွားတဲ့အတာချိုကျော် ပျောက်သွားရင် သေပြီ"

"ဟာကွာ . . . မုဒါက ဘာဖြစ်ရပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိုက်စိုးအမေးစကားကြောင့် ဖော်ဦးက ဝင်ပြောလိုက်တယ်။

"စိတ်ကစဥ့်ကလျားနဲ့ အတိတ်မေ့နေတာမျိုးဖြစ်မယ် ထင်တယ်ဗျ။ အဲဒါကြောင့်လည်း ကူညီတဲ့သဘောနဲ့ ကျွန်တော့်သူငယ်ချင်းက ကူညီပြီး ခေါ်ထားတာ၊ ခင်ဗျားတို့လို အုပ်ထိန်းသူတွေ တွေ့ရင် ပြန်အပ်မလို့ပါ"

စကားအဆုံးမှာ ဦးသိုက်စိုးက ခေါင်းကုတ်လိုက်ရင်း ...

"အဲဒါမှ ခက်ပြီကွာ၊ အန်ကယ်တို့လည်း ပြန်ခေါ်သွားချင်တာပါ။ ဒါပေမဲ့ ခု မုဒါက ဘယ်ထွက်သွားပြီမှန်းလည်း မသိဘူး"

"စောင့်ကြည့်ရင် ကောင်းမလားပဲ"

ဒေါ်သူဇာကလည်း ဝင်ပြောတယ်။ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်ပြီး ...

"အန်ကယ်တို့ အန်တီတို့ သဘာပဲလေ၊ ကျွန်တော်ကတော့ မုဒါကို သူ့အုပ်ထိန်းသူတွေဆီ ပြန်ရောက်သွားစေချင်တာပဲ"

ကျွန်တော့်စကားကြောင့် နှစ်ယောက်စလုံး ငြိမ်သွားကြတယ်။ သက်ခံသွားပုံလည်း ရတယ်။

ဒါပေမဲ့လည်း ...

နောက်ထပ် နာရီဝက်လောက်ကြာတဲ့အထိ မုဒါရဲ့အရိပ်အယောင်တောင် မတွေ့ရပါဘူး။

ဦးသိုက်စိုးက အားလျော့လာတဲ့လေသံနဲ့ အရင်ပြောလာတယ်။

"ကဲ ... မောင်ဝေမိုးရေ အန်ကယ်တို့တော့ ပြန်ဦးမယ်ကွာ၊ အဲ ... မုဒါ ပြန်လာရင်သာ အန်ကယ်ဆီ ဖုန်းဆက်ပေး။ ချက်ချင်းလာခေါ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား''

''ဟုတ်ကဲ့ဗျ''

''မင်းကိုလည်း ကျေးဇူးဆပ်မှာပါကွာ၊ မမေ့ပါဘူး ... ဟဲဟဲ''

ပြောပြီး ဦးသိုက်စိုး ထွက်သွားတော့ သူ့လူတွေလည်း လိုက်သွားကြတယ်။

အဲဒီတော့မှ ဒေါ်သူဇာက ကျွန်တော့်အနား တိုးကပ်လာပြီး..

''သား ... တကယ်လို့ မုဒါ ပြန်လာခဲ့ရင် အန်တီ့ဆီ ဖုန်းအရင်ဆက်ပေးပါနော်၊ ကိုသိုက်စိုးပေးတာထက် အန်တီ နှစ်ဆပိုပေးပါ့မယ်၊ မုဒါဆီ ပါသွားတဲ့ အတာချီကေ့စ်က အသက်လောက်အရေးကြီးလို့ပါ သားရယ်၊ အန်တီ စိတ်ချမယ်နော် သား''

ကျွန်တော် ယောင်နနနဲ့ ခေါင်းညိတ်ပြလိုက်မိတယ်။ ဦးသိုက်စိုးရော ဒေါ်သူဇာပါ ပြန်သွားတော့ ကျွန်တော် စဉ်းစားနေမိတယ်။

သူတို့နှစ်ယောက်လုံးကိုကြည့်ရတာ မုဒါ တစ်ခုခုဖြစ်မှာထက် မုဒါဆီက အတာချီကေ့စ်ကို လိုချင်လို့ အသဲအသန်လိုက်ရှာနေပုံပဲ။

မုဒါ ရောဂါဖြစ်နေတာ၊ မုဒါ အန္တရာယ်ဖြစ်မှာကို စိုးရိမ်နေပုံမရဘူး။

ဦးလေးအရင်း၊ အဒေါ်အရင်းတွေမှ ဟုတ်ရဲ့လား။ မုဒါအတွက် စိတ်မကောင်းစရာပဲ။

ကျွန်တော် ခြံဝင်းထဲမှာရပ်ရင်း ငူငူကြီး တွေးနေမိတယ်။

အဲဒီအချိန်မှာပဲ ဖော်ဦးက ပန်းအသာ လာပုတ်တယ်။

သူလည်း အစအဆုံး မြင်ရ၊ ကြားထားရတဲ့သူဆိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပခုံးပဲ အသာတွန့်ပြလိုက်မိတယ်။

ချက်ချင်းဆိုသလို ကျွန်တော့်ရင်ထဲမှာ ဖြစ်ပေါ်လာတာက မုဒါ အတွက် စိုးရိမ်လာတာပဲ။

မုဒါ ဘယ်ထွက်သွားတာလဲ။

ဘယ်တွေများ ရောက်နေမလဲ။ အန္တရာယ်တစ်ခုခုဖြစ်နေရင်တော့ ဒုက္ခပဲ။

အဆင်ကောပြေရဲ့လား။

စိတ်ပူပြီး ကျွန်တော် လျှောက်တွေးနေမိတယ်။

အဲဒီအချိန်မှာပဲ . . .

"ရှင်တို့နှစ်ယောက် ခြံထဲမှာ ဘာရပ်လုပ်နေကြတာလဲ"

"ဟင်"

အသံကြားရာဆီ လှမ်းကြည့်လိုက်တော့ ခြံဝင်းထဲဝင်လာတဲ့ မုဒါ ကို လှမ်းတွေ့လိုက်ရပါတယ်။ ဒီဟာမလေးနဲ့တော့နော်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မုဒါ ... မင်း ဘယ်တွေလျှောက်သွားနေတာလဲ၊ ဒီမှာ ဘာတွေ ဖြစ်နေလဲဆိုတာကိုရော သိရဲ့ ... ဟာ"

"အို"

"ဟဲ့"

စိတ်ပူပူနဲ့ပြောရင်း ကျွန်တော်လည်း မုဒါဆီ အပြေးတစ်ပိုင်း လျှောက်သွားလိုက်တာပဲ။

ဒါပေမဲ့ ... အနားရောက်မှ ခလုတ်တိုက်မိသွားလို့ မုဒါကို ဘွမ်းဖက်သလို ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မကသေးဘူး။

မုဒါရဲ့မေးစေ့လုံးလုံးလေးနဲ့ ကျွန်တော့်နှာခေါင်းဟာလည်း ရင်းရင်းနှီးနှီး နှုတ်ဆက်သလို ဖြစ်သွားရတယ်။

ဒီအဖြစ်အပျက်ဟာ စက္ကန့်ပိုင်းလေးပဲ ကြာပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ လျှောင်တစ်ခုလှုပ်သလို ပရမ်းပတာဖြစ်သွားရတာ အမှန်ပါ။

မုဒါ မျက်နှာပေါ်မှာလည်း စိန့်ပန်းတွေ ပွင့်ကုန်တယ်။

"အာ . . . ဘယ်လိုဖြစ်နေတာလဲ၊ လူကို တက်နင်းမိတော့မယ်"

မွှန်ထူထူပုံစံလေးနဲ့ ပြောရင်း မုဒါ ကျွန်တော့်ကို ပြန်တွန်းလိုက်တယ်။

အဲဒီတော့မှ ကျွန်တော်လည်း ကိုယ်ရှိန်သတ်ရင်း . . .

"ဆောရီး . . . မင်းအိမ်က ထွက်သွားပြီထင်လို့ စိတ်ပူနေတာ ဘယ်တွေလျှောက်သွားနေတာလဲ မုဒါရယ်"

မုဒါက မထုံတတ်တေးပုံစံလေးနဲ့ . . .

"ဘယ်မှလျှောက်မသွားပါဘူး၊ ဒီအနား ဟိုအနား လျှောက်ကြည့်နေတာပါ၊ ကော်စတာကို့အုပ်စုနဲ့ တွေ့လို့ ဝင်ဆော့လိုက်သေးတယ် . . . ဒ် ကြည့်ဦး။

ဘယ်လိုဟာမလေးလည်း မသိဘူး။ သူ့ဟာသူ သဘောကျပြီး တောင် ရယ်နေသေးတယ်။

ကျွန်တော်က မျက်နှာထားကို ခပ်တည်တည်လုပ်ရင်း . . .

"မုဒါ . . . ခုနကပဲ အိမ်ကို မင်းဦးလေးနဲ့ အဒေါ်ဆိုတာ ဟာသွား

www.burmeseclassic.com


ာယ်၊ ဦးသိုက်စိုးနဲ့ ဒေါ်သူဇာတဲ့၊ မင်းကို လာခေါ်တာ''

ချက်ချင်းဆိုသလို မျက်နှာလေးပျက်သွားရင်း မုဒိတ ပြန်ပြော

ာတယ်။

ခါးခါးသီးသီးပုံစံနဲ့။

''အာ . . . မသိဘူး . . . မသိဘူး၊ သူတို့က ဘယ်သူတွေလဲ၊

ျွန်မ မသိဘူး၊ လိုက်လည်း မလိုက်နိုင်ဘူး''

ကျွန်တော်လည်း ခေါင်းကုတ်လိုက်ရင်း . . .

''ဟာကွာ . . . မင်းအဒေါ်နဲ့ဦးလေးပါဆို၊ ပြီးတော့ မင်းဆီမှာ ရှိ

နေတဲ့ အတာချီကေ့စ်က သူတို့အတွက် အရေးကြီးနေပုံပဲ၊ ဒါနဲ့ မင်းရဲ့

ကျောပိုးအိတ်ကော''

ပြောမှပဲ မုဒိတ သူ့ကိုယ်သူ ဆန်းစစ်လိုက်တယ်။

ကျောပိုးအိတ်က သူ့ကိုယ်ပေါ်မှာလည်း မရှိတာမို့ လန့်သွားတဲ့

ံစံလေးဖြစ်သွားပြီးမှ သတိရဟန်နဲ့ . . .

''ဩော် . . . ကျောပိုးအိတ်က ရှိပါတယ်၊ ခုပဲ အိမ်အပြင်က ရှင့်

ားလုံးထဲမှာ ထည့်ထားခဲ့တယ်လေ၊ ဘာဖြစ်လို့လဲ''

''ဟို . . . အတာချီကေ့စ်ကကော''

''ကျောပိုးအိတ်ထဲမှာပေါ့ . . . ရှင်က ဘာလုပ်မလို့လဲ''

မယုံသင်္ကာပုံစံလေးနဲ့ မေးလာလို့ ကျွန်တော်က . . .

''ဘာမှမလုပ်ပါဘူး၊ အဲဒီအတာချီကေ့စ်က အရေးကြီးပုံရတယ်

ာ၊ တော်ကြာ ပျောက်နေဦးမယ်၊ သွားပြန်ယူထားလိုက်ဦး''



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ... ဟွန်း"

မျက်စောင်းထိုးရင်း မုဒါ ပြန်လှည့်ထွက်သွားတယ်။

သိပ်မကြာဘူး။

ခြံအပြင် ရထားလုံးဆီကနေ မုဒါရဲ့ငိုသံကြီးကို ကြားလိုက်ရပါလေ ရော။

"ဟီး ... မရှိတော့ဘူး၊ အိတ်ထဲက အတာချိုကော့စ် မရှိတော့ဘူး"

ကျွန်တော်နဲ့ ဖော်ဦးလည်း ရထားလုံးဆီကို အမြန်ပြေးသွားလိုက် ကြတယ်။

ရထားလုံးဘေးမှာတော့ ဖစ်ပွင့်နေတဲ့ ကျောပိုးအိတ်ကို ဘေး ပြီး မုဒါတစ်ယောက် ကြူကြူပါအောင် ငိုရင်း ပြောနေတော့တာပဲ။

"အဟီး ... ခုနကပဲ ဒီရထားလုံးထဲ ထည့်ထားခဲ့တာကိုး ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ပြန်ရှာပေး ... ပြန်ရှာပေး"

ကျွန်တော် ခေါင်းမီးတောက်သွားရတာ တကယ်ပါ။

ပြောရရင် အဲဒီအတာချိုကော့စ်ဟာ မုဒါတို့မိသားစုအတွက် အ ကြီးနေတယ်ဆိုတာ သိသာပါတယ်။

ဘာတွေဘယ်လို အရေးကြီးသလဲဆိုတာပဲ အသေးစိတ်မသိ

ရှိသမျှ ဦးနှောက်ရဲ့အင်အားကို ညှစ်ပြီး စဉ်းစားကြည့်လိုက်တယ်

သေချာတာကတော့ လူတစ်ယောက်ယောက် အဲဒီ အတာချိုကော့စ်ကို သွားတာပဲ ဖြစ်ရမယ်။

ဖော်ဦးကို ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ဦး ... ဆိုင်ကယ်သွားယူကွာ"

မုဒါကို ချော့မော့ပြောဆိုပြီး ဖော်ဦး ဆိုင်ကယ်နဲ့ ထွက်လာခဲ့လိုက်တယ်။

တစ်ယောက်ယောက် ယူသွားရင် လိုက်လို့မီနိုင်တယ်ဆိုတဲ့ အတွေးနဲ့ပေါ့။

ရပ်ကွက်တစ်ခုလုံးသာ ပြုပြစ်သွားတယ်။ အတာချိုကေ့စ်ကိုင်ထားတဲ့သူဆိုလို့ ခပ်ဆင်ဆင်တောင် မတွေ့ရဘူး။

မတတ်သာတဲ့အဆုံး လမ်းမှာ တွေ့မိတဲ့ ဖြတ်သွားဖြတ်လာ လူတွေကို မေးကြည့်ရတယ်။

ပထမသုံးလေးယောက်လောက်ဆီ မေးတာမထူးပေမယ့် နောက်တစ်ယောက်ကတော့ ခုလိုပြောလာတယ်။

"အဲ ... ဈေးနားက အရူးမောင်ပုကိုင်သွားတာတော့ ခင်ဗျားတို့ အတာချိုကေ့စ်လား မသိဘူးဗျ။ ခုနကတော့ အဲဒီအရူးကို အတာချိုကေ့စ်တစ်လုံးနဲ့ တွေ့လိုက်မိတာပဲ"

"ဗျာ"

"အရူးမောင်ပု ဟုတ်လား"

"ဟုတ်တယ်လေဗျာ ... ဆန္ဒထုတ်ဖော်ပွဲတစ်ခုမှာ ခေါင်းကို အရိုက်ခံရပြီး ရူးသွားတဲ့လူလေ၊ ဈေးနားမှာ အမြဲရှိတယ်"

"ဟာ ... ကျေးဇူးပဲဗျို့"

သဲလွန်စတော့ ရပြီ။ ဖော်ဦးနဲ့ ကျွန်တော် ဈေးဘက်ကို ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထပ်ထွက်ခဲ့လိုက်တယ်။

ဒါပေမဲ့ အချည်းအနှီးပါပဲ။

ဈေးနားကလူတွေရဲ့ ပြောပြချက်အရ အရှုံးမောင်ပု ဒီနေ့ ဈေးဘက်ကို မလာပါဘူးတဲ့လေ။ ကျွန်တော် အားအင်ကုန်ခမ်းသွားသလို ခံစားလိုက်ရတယ်။

ဘာဆက်လုပ်မှာလဲဆိုတဲ့ပုံစံနဲ့ ဖော်ဦးက ကျွန်တော့်ကို ကြည့်တယ်။

တစ်မြို့လုံးပတ်ပြီးသွားရင်ရော ပျောက်သွားနေတဲ့ အရှုံးကို လိုက်ရှာဖို့ဆိုတာ မလွယ်မှန်း ကျွန်တော် သိပါတယ်။

ဒါကြောင့် လောလောဆယ်မှာတော့ လုပ်သင့်တာလုပ်ဖို့ပဲ ကျွန်တော် တွေးလိုက်မိတယ်။

"အိမ်ပြန်ကြတာပေါ့ ဖော်ဦးရာ၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာတော့ ကိုမောင်ပုလည်း အတာချီကော့စ်ကို ထုခွဲဖျက်ဆီးပစ်မှာ မဟုတ်ပါဘူး"

ခပ်တွေတွေ စဉ်းစားနေပြီးမှ ဖော်ဦးက မှတ်ချက်ထပ်ချလိုက်ပါတယ်။

"အေးလေ ... နိုင်ငံခြားကို ခိုးထုတ်သွားဖို့လည်း မလွယ်လောက်ပါဘူး"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အိမ်ပြန်ရောက်တော့ အတာချိုကေ့စ် ပြန်မရလာမှန်းလည်းသိရော မုဒါ ငိုပြန်တော့တယ်။

ကျွန်တော်လည်း အရှုးတစ်ယောက်ဆီမှာ ရှိနေကြောင်း သတင်းရတယ်ဆိုတာ ပြောလိုက်ရတယ်။

မုဒါက ငိုမဲ့မဲ့နဲ့ ...

"အရူးဆီမှာ ပါသွားတယ်ဆိုတော့ ပြန်ကောရဦးမှာလားဟင်"

"သြော် ... အရူးကတော့ ပြန်လာပေးမလားကွ၊ ဒီလိုပဲ သူရှိတဲ့နေရာကို လိုက်ရှာပြီး ပြန်တောင်းယူရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့ရမှာပါနော်"

မျက်နှာငယ်လေးနဲ့ မေးလာတဲ့ပုံစံလေးက သနားစရာကောင်းနေတယ်။

ကျွန်တော်လည်း သက်ပြင်းချပြီး ...

"ပြန်ရမှာပါကွာ ... အဲဒီအရူး ဘယ်နေရာတွေ သွားတတ်လာတတ်တယ်ဆိုတာ စုံစမ်းပြီးပါပြီ၊ ပြီးတော့ မင်းအတာချိုကေ့စ်က အရူးအတွက် အသုံးဝင်မှာမှ မဟုတ်တာ"

"ဂေါက်သီးလက်ထဲက အရူးလုဆိုတာ ဒါမျိုးပေါ့ကွာ"

ရုတ်တရက် ဝင်ပြောလိုက်တဲ့ ဇော်ဦးစကားကြောင့် မုဒါက ပြန်အော်လိုက်တယ်။

"ဘာရှင့် ... ရှင် ဘာစကားပြောတာလဲ"

အဲဒီတော့မှ ဇော်ဦးလည်း ဟီးခနဲ ရယ်လိုက်ပြီး ...

"ဩော် ... အဲဒီအရူးကို ပြောတာပါ၊ ပေါက်ပေါက်ရှာရှာ အတာချိုကေ့စ်များ ခိုးသွားရတယ်လို့လေ"

မုဒါ မျက်စောင်းက ဇော်ဦးဆီ အတွဲလိုက်ရောက်သွားတယ်။

ဇော်ဦးက ကျွန်တော့်ကို လက်လာကုတ်ပြီး ခဏလို့ ပြောတာနဲ့ ကျွန်တော်လည်း ဇော်ဦးနောက် အသာလိုက်သွားမိတယ်။

အိမ်အပြင်ရောက်တော့ ဇော်ဦးက ...

"ဝေမိုး ... မုဒါ အိမ်ပြန်ရောက်ပြီဆိုတော့ သူ့ဦးလေးနဲ့ မေမေ ဆီ ဖုန်းဆက်အကြောင်းကြားလိုက်မလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားကြည့်လိုက်တယ်။

ခုတောင် မှုဒါတစ်ယောက် အတာချီကေ့စ်ပျောက်လို့ ပဋ္ဌာမြေလူး လို့ ဖြစ်နေတာ။

ပြီးတော့ သူ့ဦးလေး နဲ့ အဒေါ်တို့ကိုကြည့်ရတာလည်း မှုဒါထက် အဲဒီအတာချီကေ့က ပိုအရေးကြီးနေပုံပဲ။

ခုချိန် ဖုန်းဆက်လိုက်ရင် ပြဿနာပိုရှိနိုင်တယ်လို့ တွေးလိုက် မိတာမို့ . . .

"မဆက်သေးဘူးကွာ . . . မှုဒါရဲ့လက်ထဲကို အဲဒီအတာချီကေ့စ် ပြန်ရောက်လာမှ အကြောင်းကြားတာ ကောင်းမယ်ထင်တယ်"

ဖော်ဦးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"အေးလေ . . . မင်းသဘောပဲ၊ ဒါနဲ့ အဲဒီအတာချီကေ့စ်ထဲမှာ ဘာတွေများ ပါလို့လည်း မသိဘူးနော်"

ကျွန်တော် အကြာကြီး စဉ်းစားလိုက်ပြီးမှ လုံလောက်တဲ့ အဖြေ ကို ပေးလိုက်ပါတယ်။

"ဘုရားပဲ သိမှာပဲ . . . ဖော်ဦး"

"ဟာ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နောက်နေ့ကျတော့ ကျွန်တော် ရထားလုံးတောင် မမောင်းဖြစ်ဘူး။

ဖော်ဦးရဲ့အသိတစ်ယောက်ဆီကနေ ဆိုင်ကယ်တစ်စီးငှားပြီး အရှုးကိုမောင်ပုကို လိုက်ရှာရတယ်။

ဖော်ဦးကိုလည်း တခြားနေရာတွေမှာ လိုက်ရှာခိုင်းရတာပေါ့။

ဖြစ်ချင်တော့ ဒီရက်ပိုင်းကျမှပဲ အရူးကိုမောင်ပုက ပျောက်ချက်သား ကောင်းနေတယ်။ အရူးဆိုတာကလည်း သိတဲ့အတိုင်းပဲလေ။ ခြေဦးတည့်ရာ လျှောက်သွားနေတတ်တဲ့အမျိုးကိုး။

ဖော်ဦးပြောသလိုများ အတာချီကျေ့စ်ကို ပြင်ဦးလွင်ကနေ ခိုးထုတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလား မသိဘူး။

ကျွန်တော် တောင်တောင်အီအီတွေ စဉ်းစားနေမိတယ်။

အိမ်မှာလည်း မုဒါက အတာချီကေ့စ် ပြန်မရသေးတော့ တငိုငို တရယ်ရယ်နဲ့။

ဒီနေ့လည်း အရှုးကိုလိုက်ရှာရင်း ညနေပိုင်းတောင် စောင်းလာပြီ။

ခုထိ ဒင်းကို အစအနတောင် မတွေ့ရသေးဘူး။ စိတ်ဓာတ်တောင် ကျချင်လာတာ အမှန်ပဲ။

အဲဒီအချိန်မှာ ဇော်ဦးဆီက ဖုန်းဝင်လာလို့ ဝမ်းသာသွားတယ်။

ဒီကောင်အရှုးကို ရှာတွေ့ပြီလား မသိဘူး။ ဖုန်းဖွင့်ကိုင်လိုက်တော့ ကျွန်တော်ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်။

"ဝေမိုး . . . မင်းအိမ်ပြန်လာခဲ့ဦး၊ အိမ်မှာ ဦးသိုက်စိုးတို့ ရောက် နေပြန်ပြီကွ၊ မုဒါကိုလည်း ပုလိပ်စစ် စစ်နေကြတယ်"

"ဟာ"

ကျွန်တော် အလန့်တကြား ဖြစ်သွားရတယ်။ ချက်ချင်းပဲ အရေး ကြီးတာကို ပြန်မေးလိုက်တယ်။

"ဇော်ဦး . . . မင်း အတာချီကေ့အကြောင်း ဘာပြောထားသေး လဲ"

"ဟင့်အင်း . . . မပြောဘူး၊ အရှုးဆီ ပါသွားတယ်ဆိုတာတောင် သူတို့ မသိသေးဘူးကွ"

"အေး . . . ကောင်းတယ်၊ ဘာမှမပြောနဲ့ဦး ငါ အခုအိမ်ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချက်ချင်းပဲ အိမ်ပြန်လိုက်သွားလိုက်တယ်။ အိမ်ရောက်တော့ အတော်လေး ပွဲဆူနေပါပြီ။

မုဒါဟာ အကြောက်အကန်ငြင်းရင်း အိမ်ထောင့်နံရံမှာ ကပ်နေတယ်။

ဦးသိုက်စိုးနဲ့ဒေါ်သူဇာတို့ကတော့ အတာချိုကေ့စ်အကြောင်းပဲ အတင်းစစ်မေးနေကြတယ်။

"မသိဘူး . . . မသိဘူး . . . ဘာမှမသိဘူး"

အဲဒီစကားလုံးကိုပဲ မုဒါဟာ ကြောက်လန့်တကြား ထပ်ခါတလဲလဲ ရေရွတ်နေတယ်။

ဦးသိုက်စိုးက ဒေါသထွက်နေတဲ့ပုံစံနဲ့ . . .

"တယ် . . . ဒီကောင်မလေးတော့ နင်ပဲ အဲဒီအတာချိုကေ့စ်ကို ယူသွားတာလေ၊ ခုမှ ရှူးသလို၊ ကြောင်သလို လုပ်မနေနဲ့"

"ဟုတ်တယ် မုဒါ . . . ညည်း အေးအေးဆေးဆေး အသာတကြည်ပဲ ပြန်ပေးရင် ကောင်းမယ်"

ဒေါ်သူဇာကလည်း ဝင်ပြောတယ်။

ကျွန်တော့်ကို မြင်တာနဲ့ မုဒါဟာ ကျွန်တော့်ဆီ ပြေးလာပြီး နောက်ကနေ သိုင်းဖက်ရင်း အားကိုးတကြီး ပြောလာတယ်။

"ဝေမိုး . . . ဝေမိုး . . . မုဒါကို ကယ်ပါဦးနော်၊ သူတို့ မုဒါကို သတ်ကြတော့မယ်"

ကျွန်တော်လည်း မုဒါကို ကြည့်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဖြစ်လို့ သတ်ရမှာလဲ၊ မင်း ဘာမှမဖြစ်စေရဘူး ... ခဏ"

ပြောပြီး ကျွန်တော်လည်း ဦးသိုက်စိုးတို့နဲ့ ရင်ဆိုင်လိုက်တယ်၊ ဒါပေမဲ့ ... ကျွန်တော်တောင် မပြောရသေးဘူး။

ဦးသိုက်စိုးက အရင် ...

"ဝေမိုး ... ငါတို့ အေးအေးဆေးဆေးပဲ အတာချိုကေ့စ် လိုချင်တယ်ကွာ၊ ခု မုဒါက ဘူးခံနေတယ်၊ မင်း တောင်းပေးပါ"

ဒေါ်သူဇာကလည်း ...

"ဟုတ်တယ် သား၊ အဲဒီအတာချိုကေ့စ်ထဲမှာ အရေးကြီး စာရွက်စာတမ်းတွေပါတယ်၊ အဲဒါတွေ ပြန်ရရင် အန်တီတို့ ကျေနပ်ပြီ"

သူတို့နှစ်ယောက် စကားဆုံးတော့မှ ကျွန်တော်လည်း ... ကြည့်ရင်း ...

"ဒီမှာဗျ ... ခု ခင်ဗျားတို့ ခု ခြိမ်းခြောက်ပြောဆိုနေတာ ခင်ဗျားတို့တူမ အရင်းနော်၊ ပြီးတော့ သူ့မှာလည်း နှလုံးရောဂါအခံ ခုတော့ဗျာ ... ခင်ဗျားတို့ သွေးသားရင်းကို ဂရုမစိုက်ဘဲ အတာချိုကေ့စ် ပဲ မည်းပြီးတောင်းနေကြတယ်"

ဦးသိုက်စိုးက ခပ်တည်တည်ပဲ ...

"အို ... မသိဘူးကွာ၊ ခုလည်း အဲဒီအတာချိုကေ့စ်ကို ဒီကော လေး ယူသွားလို့ ခုလိုပြဿနာတွေ တက်နေရတာ၊ အဲဒါ ပြန်ရမှ မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ ... အဲဒါဆိုလည်း ကျွန်တော် ပြောပြမယ်၊ မနေ့က ဒါ ပြန်ရောက်လာတော့ အဲဒီအတာချီကေ့စ် ပြန်ပါမလာဘူး"

"ဟာ"

"ဟင် ... ဒုက္ခပဲ"

ဦးသိုက်စိုးနဲ့ဒေါ်သူဇာ မျက်ကလူးဆန်ပြာ ဖြစ်သွားကြတယ်။

ကျွန်တော်က ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် ... အဲဒါကြောင့် အဲဒီအတာချီကေ့စ်ကို သူ ဘယ် မှာထားခဲ့လဲဆိုတာ ကျွန်တော် ချော့မော့မေးနေတာဗျ၊ အတာချီကေ့စ် ပြန်ရမှ ခင်ဗျားတို့ဆီကို ဖုန်းဆက်အကြောင်းကြားပေးမလို့"

"ဟင် ... အဲလိုလား"

"ဟုတ်တယ် ... ခုအခြေအနေမှန်ကို သိရပြီဆိုတော့ ခင်ဗျားတို့ ဘာဆက်လုပ်မှာလဲ၊ မုဒါကိုတော့ နှိပ်စက်မယ် မကြံနဲ့နော် ... ဒါပဲ"

ကျွန်တော် ခပ်တင်းတင်း ပြောလိုက်တော့မှ ဦးသိုက်စိုးနဲ့ဒေါ်သူဇာ တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတယ်။

ဦးသိုက်စိုးက စဉ်းစဉ်းစားစားပုံစံနဲ့ ...

"ကောင်းပြီလေ ... အဲလိုဆိုလည်း အတာချီကေ့စ် ပြန်ရအောင် င်းပဲ တာဝန်ယူပေးပါ ဝေမိုး၊ ငါတို့ မုဒါကို ဘာမှထပ်မလုပ်ဘူး"

ဒေါ်သူဇာကလည်း သူ့အစ်ကိုစကားကို အလိုတူ အလိုပါ ခေါင်း ညိတ်ပြတယ်။ ပြီး ညောင်နာနာလေသံပျော့လေးနဲ့ ...

"အတာချီကေ့စ်ထဲက စာရွက်စာတမ်းတွေက အရမ်းအရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ သားရယ်။ အန်တီတို့ကို နားလည်ပေးပါ''

ဒေါ်သူဇာက သူ့အစ်ကို ... ကို အဓိပ္ပာယ်ပါပါ ကြည့်တယ်။

ပြီး ... ထူးဆန်းစွာပဲ သူတို့နှစ်ယောက်စလုံး မုဒါကို ဟန်ဆောင်ပန်ဆောင်တောင် ပြန်မခေါ်ဘဲ ထွက်သွားကြလေရဲ့။

သူတို့တွေကိုကြည့်ပြီး ကျွန်တော် သဘောပေါက်လိုက်ပါပြီ။

ဒီမောင်နှမဟာ သွေးသားရင်းတူမထက် အတ္တချိုကေ့စ်က ပိုအရေးကြီးနေတယ်ဆိုတာ။

သူတို့ကို ကျွန်တော် အံ့သြမိတယ်။

ကျွန်တော် တွေးနေတဲ့အချိန်မှာပဲ ...

''အား ... ရင်ဘတ်ထဲက အောင့်လိုက်တာ ... လုပ်ပါဦး ဝေမိုး''

ပြောရင်း မုဒါက နာကျင်တဲ့ပုံစံနဲ့ ပျော့ခွေပြီး ကျွန်တော့်ကို မှီတွယ်လာတယ်။

ဒါ နှလုံးရောဂါဖောက်လာတာပဲ။

မုဒါကို ဆေးခန်းပို့ဖို့လိုလာပြီဆိုတာ ကျွန်တော် သိလိုက်တယ်။

''ဖော်ဦးရေ ... ရထားလုံး သွားထုတ်စမ်းကွာ၊ မုဒါကို ဆေးခန်းပို့မှဖြစ်မယ်''

ပြောရင်း မုဒါကို ကျွန်တော် ပွေ့ချီလိုက်ပါတယ်။

ရင်ခွင်ထဲကနေ ကျွန်တော့်ကို ပြန်ကြည့်နေတဲ့ မုဒါရဲ့အကြည့်တွေထဲမှာ နာကျင်ရိပ်တွေနဲ့အတူ အားကိုးမှုတွေပါ ပေစွန်းနေလေရဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

စိတ်ချမ်းသာအောင်ထားပါ။

လေကောင်းလေသန့်ရတဲ့ နေရာတွေကို လိုက်ပို့ပေးပါ။ ဆေးမှန်မှန်တိုက်ပါ။

ဆရာဝန်ရဲ့ညွှန်ကြားချက်အတိုင်း ကျွန်တော် တတ်နိုင်သလောက် မုဒါအပေါ် ဖြည့်ဆည်းပေးပါတယ်။

ခုလည်း မုဒါ စိတ်အပြောင်းအလဲဖြစ်အောင် ရုက္ခဗေဒဥယျာဉ် လိုက်ပို့ဖြစ်တယ်။

မုဒါ ကလေးတစ်ယောက်လို ပျော်နေတာမြင်ရတာ ခရမ်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာတာပဲ။

ဖြစ်နိုင်ရင်မုဒါရဲ့အခက်အခဲအားလုံးကို ဖြေရှင်းပေးချင်တာ ကျွန်တော့်စေတနာပါ။

"ဒီနေ့ အရမ်းပျော်တာပဲ၊ ဝေမိုးကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင် ဆေးသောက် ရော့"

"ဘာမှလည်း မဆိုင်ဘူး"

မျက်စောင်းလေးထိုးရင်း မုဒါက ကျွန်တော်တိုက်ပေးတဲ့ဆေးကို သောက်တယ်။

ကျွန်တော်က လောကွက်ထပ်ချော့လိုက်တယ်။

"မင်းရဲ့အတာချိုကြေ့စ်ကို ငါ ရအောင်ပြန်ယူပေးမှာပါ"

အဲဒီလိုပြောတော့ မုဒါမျက်နှာလေးဟာ ဝင်းတောက်သွားတယ်။ ချက်ချင်းပဲ ပြန်ညှိုးကျသွားရင်း ...

"အင်း ... ပြန်ရရင်လည်း ပြီးတာပါပဲလေ၊ ဝေမိုးကိုလည်း ကျွန်မ ဒုက္ခမပေးချင်တော့ပါဘူး"

"ငါက မင်းပေးတဲ့ဒုက္ခနဲ့ အသားကျနေပြီဆိုရင်ကော"

မုဒါက မျက်စောင်းထပ်ထိုးတယ်။ ပြီး ... မျက်နှာလေး တည် သွားရင်း ပြောလာတယ်။

"ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်မဘိုးဘိုးဦးကျော်သာက အဘော် လေး ချမ်းသာတယ် ဝေမိုး"

မထင်ထားတဲ့စကားကြောင့် ကျွန်တော် ရုတ်တရက် ကြောင်အမ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ မုဒါက ဆက်ပြောလာတယ်။

"ဘိုးဘိုး ဆုံးသွားတော့ လက်ရှိကုမ္ပဏီတစ်ခုရယ်၊ အိမ်ရယ်၊ အတွင်းပစ္စည်းနဲ့ ငွေသားတော်တော်များများ ကျန်ခဲ့တယ်၊ အဲဒီပစ္စည်းတွေနဲ့ သက်ဆိုင်သူတွေကတော့ ဦးလေးသိုက်စိုးရယ်၊ ဒေါ်လေးသူဇာရယ်၊ ကျွန်မရယ်ပေါ့"

"ပြော်"

"ဒါပေမဲ့ ကျွန်မရဲ့အဖေက ဘိုးဘိုးသဘောမတူတဲ့မိန်းမနဲ့ယူခဲ့တော့ ကျွန်မကို အမွေမပေးဘူးလို့ သူတို့က ထင်နေကြတာ"

"ဘယ်လို မုဒါ"

"ဒီလိုလေ . . . ဘိုးဘိုးက သူ ဘယ်သူ့ကို ဘယ်လောက် အမွေပေးခဲ့တယ်ဆိုတာ သေတမ်းစာရေးခဲ့တယ်၊ အဲဒီသေတမ်းစာထဲကအတိုင်းကြမှာလေ"

"ဟင် . . . အဲဒါဆို အဲဒီသေတမ်းစာကရော"

"ပျောက်သွားတဲ့ အတာချီကေ့စ်ထဲမှာ ပါသွားတယ်၊ ကျန်တဲ့ပိုင်ဆိုင်မှုစာချုပ်စာတမ်းတွေရောပဲ"

"ဟာ"

အဲဒီတော့မှ ကျွန်တော် ခေါင်းကြီးသွားရတယ်။ ဒါဆို အဲဒီအတာချီကေ့စ်ဟာ သောက်ပြဿနာသေတ္တာကြီးပါလားလို့ ထပ်တွေးလိုက်မိတယ်။

မုဒါက . . .

"တကယ်တော့ ကျွန်မလည်း အမွေဆိုတာကို သိပ်မက်မောတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါဘူး၊ ဘိုးဘိုးမရှိတော့တဲ့အချိန်မှာ ကုမ္ပဏီကိုလည်း မပျက်စီးစေချင်လို့ပါ၊ အဲဒါကြောင့် ကျွန်မက အမွေမခွဲချင်သေးတာကို သူတို့က ကျွန်မအတွက် ဘိုးဘိုးက မပေးခဲ့ဘူးထင်လို့ အတင်းခွဲချင်နေတာ၊ အဲဒါကြောင့် ကျွန်မလည်း စိတ်ပေါက်ပေါက်နဲ့ အဲဒီအတာချီကျေ့စ်ကို ရှေ့နေဆီက ယူပြီး ထွက်ပြေးလာခဲ့တာပဲ''

ရှင်းသွားပါပြီ။

ကျွန်တော်က သိချင်တာကို ဆက်မေးလိုက်တယ်။

''မုဒါမှာ နှလုံးရောဂါရှိနေတာကို သူတို့ မသိတာလား။ မုဒါကော ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်သင့်တယ် မထင်ဘူးလား''

မုဒါက ယှဲ့ယှဲ့နွမ်းနွမ်းလေးပြုံးတယ်။

စကားတိုးတိုးလည်း ဆိုလာတယ်။

''သူတို့ကို ကြည့်ရတာ ကျွန်မအတွက် စိတ်ပူပုံမရပါဘူး၊ အဲဒီအတွက် ကျွန်မလည်း မခံစားရတော့ပါဘူးလေ၊ ကိုယ့်ဘဝကိုယ့်အကြောင်းပါပဲ''

''ကိုယ်တော့ မင်းအတွက် စိတ်ပူတယ် မုဒါ''

''ရှင်''

မုဒါ မျက်လုံးလေး ဝိုင်းသွားတယ်။ ကျွန်တော် ဆက်ပြောဖို့ အားယူလိုက်တယ်။

''မုဒါ ... ကိုယ် ... ကိုယ်လေ''

မုဒါ မျက်လွှာလေးချသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောထွက်တော့မယ် ထင်ပါရဲ့။

အဲဒီအချိန်မှာလည်း တိုက်ဆိုင်စွာ ဖုန်းက မြည်လာပြန်တယ်။ ...ဒ်ဦးဆီက ...။ ကိုင်လိုက်တော့ ...

"ဝေမိုး ... ငါ အတာချိုကေ့စ် ပြန်ရထားပြီ၊ မင်း အိမ်ပြန်လာခဲ့ ...ာ့"

"ဟာ"

ကျွန်တော် အရမ်းပဲ ဝမ်းသာသွားမိတယ်။

ခုနက ပြောဖို့လုပ်နေတဲ့ စကားကို ခဏမျိုသိပ်လိုက်ရတယ်။ ...ါ့ရဲ့ပခုံးနှစ်ဖက်ကိုကိုင်ရင်း ဝမ်းသာအားရ ပြောလိုက်မိပါတယ်။

"မုဒါ ... မင်းအတာချိုကေ့စ် ပြန်ရပြီတဲ့"

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ကျွန်တော်နဲ့မုဒါ အိမ်ပြန်ရောက်တော့ ဖော်ဦးက ရောက်မလာသေး ဘူး။

ဖုန်းဆက်ကြည့်တော့လည်း အဲဒီလဒဖုန်းက မအားဘူးပဲ ပြော တယ်။

ဒီကောင် နောက်တာတော့ မဖြစ်နိုင်ဘူး ထင်ပါရဲ့။

ကျွန်တော် စိတ်လှုပ်ရှားပြီး အားတက်သရော ဖြစ်နေသလော မုဒါက ထူးဆန်းစွာ ငြိမ်သက်နေတယ်။

အတာချိကော့စ်ပြန်ရမှာ သူ ဝမ်းမသာဘူးလား။ ...



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်မေးမိတယ်။

"မုဒါ ... အတာချီကော့စ် ပြန်ရတော့မယ်လေ၊ ဝမ်းမသာဘူးလား"

လျော့ရဲရဲလေး ပြုံးရင်း မုဒါက ...

"ဒီလိုပါပဲ"

"ဟင်"

ကျွန်တော် နားမလည်နိုင်တော့ဘူး။

ဇော်ဦးကို စောင့်နေပေမယ့် တကယ်တမ်းရောက်လာသူက ဦးသိုက်စိုး ဖြစ်နေတယ်။

ကျွန်တော်က ခပ်တည်တည်ပဲ အတာချီကော့စ် မရသေးဘူးလို့ ပြောလိုက်တော့ ...

"ဝေမိုး ... ငါ ရှင်းရှင်းပဲ ပြောမယ်ကွာ၊ အဲဒီ အတာချီကော့စ်ထဲမှာ အမွေနဲ့သက်ဆိုင်တဲ့ စာချုပ်စာတမ်းတွေပါတယ်၊ ခုထိ ပြန်မရသေးဘူးဆိုတာ ငါ သိမ်မယုံချင်တော့ဘူးကွ"

"ခင်ဗျား ဘာဖြစ်လို့ ဒီလောက် လောနေတာလဲ ဦးသိုက်စိုး၊ ကျွန်တော် မုဒါကို ချော့မော့မေးပေးမယ်လို့ ပြောထားတယ်လေ"

ဦးသိုက်စိုးက ခေါင်းခါတယ်။ တဟင်းဟင်းလုပ်ရယ်လိုက်ရင်း-

"မင်းမေးနေတာပဲ ကြာပြီ ဝေမိုး၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဒီအတာချီကော့စ်မရဘူးဆိုရင် မုဒါကို သွေးဆောင်ဖြားယောင်းထားမှုနဲ့ မင်းကို တရားစွဲမယ် ... ဒါပဲကွာ"

ပြောပြီး ဦးသိုက်စိုး လှည့်ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် ဒီအနေအထားမှာ ဒေါ်သူဇာရှိနေရင်လည်း ဒီစကားမျိုးပဲ ပြော
ထွက်မှာ သေချာပါတယ်။

ဦးသိုက်စိုး ထွက်သွားတော့မှ ကျွန်တော် မုဒါကို ကြည့်လိုက်
တယ်။

ထူးဆန်းစွာပဲ။

မုဒါရဲ့မျက်နှာလေးဟာ တည်ငြိမ်အေးခဲလွန်းနေပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အရှုးဆီက အတာချီကော့စ် ပြန်လုပ်ရတာလည်း သိပ်တော့မလွယ်ဘူးကွ၊ အဲဒီအနီးအနားပတ်ဝန်းကျင်ကိုလည်း အထင်မလွဲအောင် ကြိုပြောထားရသေးတယ်"

ဘာပဲပြောပြော အရှုးဆီက အတာချီကော့စ်ပြန်လုပ်ယူလာခဲ့တဲ့ ဖော်ဦးကို ကျေးဇူးတင်ရမှာပါ။

အတာချီကော့စ်ကို မုဒါဆီ လှမ်းပေးလိုက်ရင်း . . .

"မုဒါ . . . ရော့ . . . စစ်ကြည့်လိုက်ပါဦး"

မုဒါက တည်တည်ငြိမ်ငြိမ်ပဲ အတာချီကော့စ်ကို လှမ်းယူတယ်။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်နဲ့လော့ခ် (Lock) ချထားတာမို့ ဂဏန်းလေးတွေ လှည့်ပြီး ဖွင့်လိုက်တယ်။

ပွင့်သွားတော့မှ အထဲကို ဝတ်ကျေတန်းကျေ တစ်ချက်ကြည့်လိုက်ပြီး ...

"စစ်စရာ သိပ်မလိုပါဘူး၊ အားလုံး ဒီအတိုင်းပါပဲ"

ပြောပြီး အတာချီကေ့စ်ကို ပြန်ပိတ်လိုက်တယ်။

"ဝေမိုးရော ကိုဇော်ဦးကိုပါ ကျွန်မ ကျေးဇူးတင်ပါတယ်"

အတာချီကေ့စ်ကိုကိုင်ရင်း မုဒါ အိပ်ခန်းထဲ ဝင်သွားတော့တယ်။

ဇော်ဦးက မုဒါကို နားမလည်သလို လိုက်ကြည့်နေပြီးမှ ကျွန်တော့်ဘက် လှည့်လာရင်း ...

"ဟော့ကောင် ... မုဒါက ဘာဖြစ်သွားတာလဲ၊ အတာချီကေ့စ် ပြန်ရတာတောင် သိပ်မပျော်သလိုပဲနော်"

ကျွန်တော်လည်း ပခုံးအသာတွန့်လိုက်ရင်း ...

"သူ့မှာလည်း သူ့အကြောင်းနဲ့ သူရှိမှာပါကွာ"

အဲလောက်ပဲ ကျွန်တော်မှတ်ချက်ချလိုက်နိုင်ပါတယ်။

ဒီလိုနဲ့ပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ထုံးစံအတိုင်း ရထားလုံးထဲမှာပဲ အိပ်စက်ခဲ့တဲ့ ကျွန်တော်ဟာ မနက် ဝေလီဝေလင်းမှာ နိုးလာခဲ့တယ်။

နိုးနိုးချင်း သတိရမိတာက မုဒါ။

အတာချီကော့စ်လည်း ပြန်ရပြီမို့ မုဒါ ဘာဆက်လုပ်မလဲဆိုတာ ကျွန်တော် သိပ်သိချင်နေတယ်။

ပြီးတော့ . . .

ကျွန်တော်လည်း . . . သူ့ကို ပြောစရာစကားတွေ ရှိသေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးထဲက ထွက်ပြီး အိမ်ဘက်ဆီ ကျွန်တော် လျှောက်လာခဲ့တယ်။

"ဟင်"

ထူးဆန်းပါရဲ့။

ခါတိုင်းရက်တွေလိုမဟုတ်ဘဲ အိမ်ရှေ့တံခါးဟာ ပွင့်နေတယ်။

ကျွန်တော့်စိတ်ထဲ အံ့ဩမှုတွေနဲ့အတူ စိုးရိမ်စိတ်အချို့ပါ ရောထွေးပုံ့နှံ့သွားရတယ်။

အိမ်ထဲကို တစ်လှမ်းချင်း ဝင်သွားလိုက်ချိန်အထိ အိမ်လေးဟာ တိတ်ဆိတ်နေတုန်းပဲ။

အိမ်ရှေ့ခန်းဆီမှာ ရှင်းလင်းနေလို့ အိမ်နောက်ဘက် ထမင်းစားခန်းဆီ ဆက်ဝင်လာခဲ့တယ်။

"ဟာ"

ထမင်းစားခန်းက စားပွဲပေါ်မှာ ပူနွေးနေဆဲ ထမင်းကြော်တစ်ပန်းကန်နဲ့အတူ အတာချိုကေ့စ်ကိုပါ တွေ့လိုက်ရတယ်။

အဲဒီအတာချိုကေ့စ်ပေါ်မှာ စာတစ်စောင်ရှိနေတယ်။

ခေါက်ထားတဲ့စာရွက်ကို ဖွင့်ဖတ်လိုက်တော့ ခပ်သော့သော့ရေးထားတဲ့ လက်ရေးတွေကို တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေမိုး . . .

အတာချိုကေ့စ်ကို ဦးလေးနဲ့အဒေါ်တို့ဆီ ပေးလိုက်ပါ။ ဝေမိုးကိုလည်း ဒုက္ခမပေးချင်တော့ပါဘူး။ ကျွန်မ ထွက်သွားပါပြီ။ အားလုံးအဆင်ပြေပါတယ်။ ဝေမိုး စိတ်မပူပါနဲ့။

*Ps.* ထမင်းကြော်ပေးထားခဲ့တယ်။

မုဒါ

စာက တိုတိုလေးပေမယ့် ကျွန်တော့်ရင်ထဲက ရှိသမျှအရာတွေကို ထုတ်ယူသွားသလိုပါပဲ။

ရင်ထဲမှာ ဟာင်းလင်းဖြစ် ကျန်ခဲ့တယ်။

ကျွန်တော် ဘာလုပ်ရမှာလဲ။

ကျွန်တော့်အိမ်လေးထဲမှာ မုဒါ မရှိတော့ဘူး။ ကျွန်တော့်ဘဝထဲကပါ ထွက်သွားပြီ ထင်ပါရဲ့။

ဆုံးရှုံးရပြီဆိုတဲ့စိတ်ကြောင့် ဝမ်းနည်းမှုတွေဟာ ကျွန်တော့်နှလုံးသားထဲ စိမ့်ဝင်လာကြတယ်။

ကျွန်တော် ငိုမိတော့မယ် ထူပါရဲ့။

နောက်ဆုံးမှာတော့ . . . ဝမ်းနည်းမှုတွေကို အံကြိတ်ထိန်းချုပ်ရင်း မုဒါ ကြော်ပေးခဲ့တဲ့ ထမင်းကြော်ကိုပဲ ကျွန်တော် ထိုင်စားနေမိပါတော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အတာချိန်ကော့စ်ကို လှမ်းယူလိုက်တဲ့ ဦးသိုက်စိုးရဲ့လက်ဟာ မသိ သော တုန်ယင်နေတယ်။

မျက်ဝန်းတွေကတော့ လောဘကြောင့် တဖျပ်ဖျပ် လက်နေတာ ပေါ့။

ဒေါ်သူဇာလည်း အဲဒီအတိုင်းပဲ။

ရပ်ကွက်ရုံးအထိ သူတို့ကို လာခိုင်းလိုက်ပြီး တာဝန်ရှိတဲ့လူကြီး ရုံးရှေ့မှာ အတာချိန်ကော့စ်ကို အပ်လိုက်တာပါ။

ဦးသိုက်စိုးက အတာချိန်ကော့စ်ထဲက စာချုပ်တွေကို အရင်စစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"စုံပါတယ် မသူဇာ ... နှင့် စစ်ဦးမလား"

"စုံရင် ပြီးတာပဲလေ"

ဦးသိုက်စိုးက ခေါင်းညိတ်တယ်။

ပြီး ... နံဘေးမှာ ရှိနေတဲ့ လူကြီးတစ်ယောက်ကိုကြည့်ရင်း ...

"ကဲ ... ရှေ့နေကြီး ဦးထွန်းနောင်လည်း ရောက်နေတာဆိုတော့ အဖေရဲ့သေတမ်းစာကို ဖွင့်ကြည့်လိုက်ရအောင်"

ရှေ့နေကြီးက ခေါင်းညိတ်ရင်း ...

"အင်း ... အမွေဆက်ခံမယ့်သူ သုံးယောက်မှာ နှစ်ယောက် သဘောတူရင်တော့ သေတမ်းစာ ဖွင့်ဖတ်လို့ရပါတယ်"

မုဒါကို သတိရစိတ်နဲ့ ကျွန်တော့်ရင်ထဲမှာ စူးခနဲ ဖြစ်သွားတယ်။ ရှေ့နေကြီးကပဲ သေတမ်းစာကို ဖွင့်ကြည့်လိုက်ရင်း ...

"အင်း ... ကျန်ခဲ့တဲ့ ပိုင်ဆိုင်မှုတွေကို ဦးသိုက်စိုး၊ ဒေါ်သူဇာနဲ့ မုဒါတို့ကို အညီအမျှ ခွဲပေးခဲ့တာပဲ၊ အဲ ... တစ်ခုပဲ လက်ရှိလည်ပတ်နေတဲ့ ကုမ္ပဏီကိုတော့ မုဒါလေးကိုပဲ ဆက်လက်လုပ်ကိုင်ခွင့်ပေးခဲ့တယ်"

"ဟင်"

"ဟာ"

ဦးသိုက်စိုးနဲ့ဒေါ်သူဇာတို့ဟာ သေတမ်းစာကို ဆွဲယူဖတ်ပြီး အသီးသီးခေါင်းခါလိုက်ကြတယ်။

မှန်းချက်နဲ့နှမ်းထွက် ကိုက်ပုံမရတဲ့မျက်နှာထားတွေလည်း ကြိုယ်ပေါ်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာ တစ်ယောက်လည်း ကြည့်လိုက်ကြတယ်။

သူတို့အနေနဲ့ မုဒါအတွက် ဝေစုကို နည်းလိမ့်မယ်လို့ ထင်ထားဘာကိုး။

ခုကျ မုဒါက သူတို့ထက်တောင် ပိုသွားပြီလေ။

ချက်ချင်းပဲ သဘောထားကြီးသွားတဲ့ပုံစံမျိုးနဲ့ ဦးသိုက်စိုးက အရင်ပြောလာပါတယ်။

"အင်းလေ ... အဖေရဲ့သဘောထားအတိုင်း လက်ခံလိုက်ရုံပါပဲ၊ ခင်ကော ဘယ်လိုသဘောရလဲ မသူဇာ"

"အို ... ဘာတတ်နိုင်မှာလဲ၊ အဖေပေးခဲ့သလောက်ပေါ့"

အဲဒီအချိန်မှာပဲ ရှေ့နေကြီး ဦးထွန်းနောင်က ... ကျွန်တော့်ကို ကြည့်ပြီး ...

"ဒါနဲ့ မုဒါလေး တစ်ယောက်ကော မပါလာဘူးလား မောင်ရင်၊ အမွေလွှဲဖို့အတွက် သူလက်မှတ်ထိုးမှ ဖြစ်မှာမို့လို့"

ကျွန်တော် သက်ပြင်းချလိုက်ရင်း ...

"မုဒါ မရှိတော့ဘူး အန်ကယ်၊ ဒီအတာချီကေ့စ်ကို သူ့ဦးလေးနဲ့ အဒေါ်ကို ပေးလိုက်ပါဆိုပြီး ထားသွားတာ၊ သူ ဘယ်ထွက်သွားလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး"

"ဟာ ... ဒုက္ခပါပဲ"

ဦးသိုက်စိုးက ရေရွတ်လိုက်သလို ဒေါ်သူဇာကလည်း ...

"ဟယ် ... တူမလေးက ဘယ်ထွက်သွားရတာလဲ၊ နေစာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရဲ့လား မသိဘူး"

ဒီတစ်ခါတော့ ကျွန်တော် တင်းသွားမိတာ တကယ်ပါ။ စိတ်တို တိုနဲ့ ပြန်ပြောလိုက်မိတယ်။

"ခုကျမှတော့ စိတ်ပူမနေပါနဲ့ဗျာ၊ အစတုန်းကတော့ လောဘ စိတ်တွေ ငယ်ထိပ်ကပ်ပြီး ကိုယ့်တူမ ဘာဖြစ်နေလဲဆိုတာတောင် မတွေး မိကြဘူးမလား၊ ခု မုဒါ မရှိတော့ဘူးဗျ၊ သူ ဘယ်သွားလဲ၊ ဘယ်ရောက် နေလဲ၊ အဆင်ကောပြေရဲ့လား၊ ခင်ဗျားတို့ထက် ကျုပ်က ဆယ်ဆလောက် စိတ်ပူတယ်၊ ခင်ဗျားတို့ဗျာ"

ပြောရင်း ရင်ထဲမှာ ဆို့နှစ်လာလို့ ကျွန်တော် ထထွက်လာခဲ့တယ်။

အပြင်ရောက်တော့ ရထားလုံးပေါ်တက်ပြီး မောင်းထွက်လာခဲ့ တယ်။

တကယ်ပါ။

ကျွန်တော် မငိုဘူးလို့ လုံးဝအာမမခံနိုင်ပါဘူး။

■



www.burmeseclassic.com

www.burmeseclassic.com

မြို့လေးမှာ
နှင်းဝတ်နှင်းရည်တွေ
စိုလက်တောက်ပနေဆဲပေါ့
ကောင်မလေးရေ
ဒီမြို့လေးရဲ့ စာမျက်နှာတစ်ခုမှာ
မင်းနဲ့ငါ ခိုကိုးဖူးပါရဲ့
ခုတော့လည်း အလွမ်းတွေနဲ့ငါ
ခိုက်ခိုက်တုန်နေရုံမှအပ • • •။

www.burmeseclassic.com

www.burmeseclassic.com

အဆုံး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

BURMESE CLASSIC

တစ်လဆိုတဲ့အချိန်ဟာ လူတစ်ယောက်ကို မေ့ပျောက်စေဖို့ အမှုန်အမွှားတစ်ခုလောက်တောင် မတတ်နိုင်ပါဘူး။ ကျွန်တော် မှဒါကို နေ့တိုင်းပဲ သတိရနေမိတယ်။ သူ ဘယ်တွေရောက်ပြီး ဘာတွေလုပ်နေမှာလဲဆိုတဲ့ အတွေးက သတိရစိတ်ကို ပိုနာကျင်စေတယ်။

ချစ်တယ်ဆိုတဲ့ စကားတွေဟာ သူ့ကို မပြောလိုက်ရပေမယ့် ကျွန်တော့်ရင်ထဲမှာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ သူ သိကောင်း သိခဲ့လိမ့်မယ်၊ မြင်ကောင်း မြင်ခဲ့လိမ့်မယ်။ မပြောဖြစ်ခဲ့ပေမယ့် ကြားကြောင်း ကြားခဲ့လိမ့်မယ်။ ကျွန်တော့်ရဲ့ချစ်ခြင်းတရားတွေနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



မြို့လေးဟာ ရိုးရာမပျက် အေးနေဆဲပါ။ ကျွန်တော်လည်း အချစ်တွေကို သိမ်းထုတ်ရင်း ရထားလုံးမောင်းနေဆဲပေါ့။

နှင်းမြူတွေ မသဲကွဲသေးတဲ့ လမ်းအတိုင်း ကျွန်တော် မောင်းလာခဲ့တယ်။ ခုနောက်ပိုင်း အိမ်ထဲမှာ ဘယ်သူမှ မရှိနေပေမယ့် ရထားလုံးပေါ်မှာ အိပ်စက်ခဲ့တဲ့ညတွေ မနည်းခဲ့သလို မနက်စောစော ခုလို လမ်းပေါ်ထွက်လာခဲ့တဲ့နေ့တွေလည်း မနည်းတော့ပါဘူး။

အတွေးတွေ သီသီဝေဝေနဲ့ မောင်းလာခဲ့ရင်း လမ်းချိုလေးတစ်ခု ရောက်တော့ ကွေ့ဝင်လိုက်မိတယ်။ တိုက်ဆိုင်စွာပါပဲ။ တစ်ခါတုန်းက မုဒါနဲ့ စတွေ့ခဲ့တဲ့ လမ်းကလေးပေါ့။

အင်းပေါ့လေ ...

ဒီမြို့လေးမှာ ကျွန်တော် သက်ရှိထင်ရှားရှိသရွေ့ ဒီလမ်းလေးထဲ ရောက်ဦးမှာပဲ။ သူ့ကို သတိရစိတ်တွေ ဖြစ်နေဦးမှာပဲ။ အဲဒီအတွေး၊ အဲဒီ ခံစားမှုတွေကို ဘယ်အချိန်အထိ ကျွန်တော် သယ်ဆောင်သွားရမှန်းမသိဘူး။

ခုချိန်ဆို ...

မုဒါတစ်ယောက် ခန်းဆောင်ရာတစ်ခုခုမှာ ချိုလွင်ငြိမ်းချမ်းစွာ အိပ်စက်နေရောပေါ့။ သူ ပျော်မွေ့ပါစေလို့ ကျွန်တော် သတိရတိုင်း ဆုတောင်းဖြစ်ပါတယ်။

ကျွန်တော့်လို မြို့လေးပေါ်က လူတစ်ယောက်အတွက်ကတော့ သူ့အတွက် လက်ဆောင်ပါးစရာ စကားတစ်ခွန်းပဲ ရှိပါတော့တယ်။

အဲဒါကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးမှာ ကျွန်တော် စောင့်နေပါတယ် ...

လို့လေ။

ချစ်တယ် မှဒါ . . .

လွမ်းတယ် မှဒါ . . .

ကျွန်တော် စောင့်နေရုံပဲ တတ်နိုင်လို့ပါ။

လေးစားစွာ



pm22213112015



www.burmeseclassic.com